# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး

# အဋ္ဌမနေ့ မှတ်တမ်း

၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်

( ၂၀၁၁ ခုနှစ်၊ မတ်လ ၁၁ ရက် )

[ သောကြာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး၊ အဋ္ဌမနေ့ အစီအစဥ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀ ။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဥ်ကို စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အဋ္ဌမနေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့်
## အစည်းအဝေးစတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မျာင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေး သို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃) ဦး ရှိပြီး၊ ဒီကနေ့ အစည်းအဝေးကို ( ၂၂၀ ) ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၈.၆၅) ရာခိုင်နှုန်း ရှိပြီး တက်ရောက်တဲ့ ကိုယ် စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံ တစ်ပုံထက် ကျော်လွန်တဲ့အတွက်အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေဆိုင်ရာ ဥပဒေပုဒ်မ၄ဝနဲ့ နည်းဥပဒေ၁၀၊နည်းဥပဒေခွဲ (က)နဲ့ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်း နဲ့ အစည်းအဝေး စတင်ကျင်းပကြောင်းကြေညာပါတယ်။ ( သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ်အမျိုးသား လွှတ်တော်ပုံမှန် အစည်းအဝေးရဲ့ အဋ္ဌ မနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ
## ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေ ခွဲ(ဂ) ၊ နည်းဥပဒေခွဲငယ် (၁)အရ ခွင့်ပန် ကြားလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်ဟာ မိမိ ကိုယ်တိုင်

သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်။ ၁၀း၀၇ ။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ အမျိုးသားလွှ တ်တော်ကိုယ်စားလှယ် ဦးဖုန်း မြင့်အောင် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာတင်ရွှေ ကိုယ်စား ခွင့်ပန်ကြားခြင်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒေါက်တာတင်ရွှေသည် ရုတ်တရက် ကျန်းမာရေး မကောင်းပါသဖြင့်ယနေ့ ၁၁-၃-၂၀၁၁ ရက်နေ့အတွက် ခွင့်(၁)ရက် ခွင့်ပြုပါရန် ဒေါက်တာတင်ရွှေ ကိုယ်စားခွင့်ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်ရွှေအတွက်(၁၁-၃-၂၀၁၁)ရက်နေ့ ခွင့် တစ်ရက်ခွင့်ပြု ပါရန် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်ရဲ့ တင်ပြချက်ကို လွှတ်တော်ရဲ့ သဘောထားရယူမှာ ဖြစ်ပါတယ်။

ယခုခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။သဘောတူတဲ့ အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြု ကြောင်း ကြေညာပါတယ်။( ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး၊အဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၂၂၃)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂)ဦး ယနေ့ ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၁)ဦးဖြစ်၍အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၃)ဦးဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေ ခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အ ခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အ ခြေအနေတင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

### ချင်းပြည်နယ်တောင်ပိုင်းနှင့်မြောက်ပိုင်းတို့တွင် ကောလိပ်နှစ်ခု ထားပေးနိုင်ခြင်းရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်။ ၁၀း၁၁ ။**

**ဥက္ကဋ္ဌ။** ။ယခု ကြ ယ်ပွင့်ပြမေးခွန်းများနှင့် ဖြေကြားချက်များ ကဏ္ဍဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက

မေးမြန်းသည့် မေးခွန်းများသည် ပညာရေးဝန်ကြီးဌာန ဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီး မှ ဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ် ။

ပထမဦးစွာချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှဦးဇုန်လှယ်ထန်းကချင်းပြည်နယ် တောင်ပိုင်းနှင့်မြောက်ပိုင်းတို့တွင် ကောလိပ်နှစ်ခု ထားပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်။ ၁၀း၁၁ ။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) ။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး နှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်းဖြစ်ပါတယ်။ ယခုမေးမြန်းမယ့် မေးခွန်းနဲ့ပတ်သက်ပြီး မနေ့ကလည်း ကျွန်တော် ဆွေးနွေးပြီး ဖြစ်ပါတယ်။ ယခု မေးမြန်းခွင့်ပြုတဲ့အတွက်ကြောင့် ကျေးဇူးတင်ရှိကြောင်း ပြောလိုပါတယ်။ ချင်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းဖလမ်းမြို့တို့တွင် ကောလိပ်နှစ်ခု ထားပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းလိုပါတယ် ။ ကျေးဇူးတင်ပါတယ်။

**တိုင်းရင်းသားလူမျိုးများ၏ ပညာပေးရေးဌာနများကို ဖွဲ့စည်း ဖွင့်လှစ်ပေးပါရန် သင့် မသင့်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်။ ၁၀း၁၂ ။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီးမွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဗညားအောင်မိုး(ခ) ဒေါက်တာဗညားအောင်မိုးက တိုင်းရင်းသားလူမျိုးများ၏ ပညာပေးရေးဌာနများကို ဖွဲ့စည်း ဖွင့်လှစ်ပေးပါရန် သင့်/မသင့် နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်။ ၁၀း၁၃ ။**

**ဦးဗညားအောင်မိုး (ခ)ဒေါက်တာ ဗညားအောင်မိုး ၊မွန်ပြည် နယ် မဲဆန္ဒနယ် အမှတ်(၇)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားလူမျိုးများ၏ ပညာပေးရေးဌာနများကိုဖွဲ့စည်းဖွင့်လှစ်ပေးပါရန် သင့်/မသင့်နှင့်စပ်လျဉ်းသည့် မေးခွန်းကိုမေးခွင့်

ရတဲ့အတွက် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)ရေးမြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော်ဒေါက်တာဗညားအောင်မိုးကအထူးပဲကျေးဇူးတင်ရှိကြောင်းကို ဦးစွာပထမ ပြောကြားလိုပါတယ်။ဥက္ကဋ္ဌကြီးခင်ဗျား။၂၀၀၈ခုနှစ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂ အရ ဆိုလျှင် (က)နိုင်ငံတော်သည် တိုင်းရင်းသား များ၏ စကား၊ စာပေ ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်။ (ခ)တိုင်းရင်းသား အချင်းချင်းစည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့တိုးတက်ဖြစ်ပွားစေရန် ကူညီဆောင်ရွက်မည်။ (ဂ) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့်တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး ၊စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့ ပါဝင်သောလူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်ဟူ၍ ပါရှိသည့်အတွက်ကြောင့် မေးခွ န်းအနေဖြင့်(၁)တိုင်းရင်းသား လူမျိုးများ၏ စကား၊ စာပေ၊ ယဉ်ကျေးမှုတို့ကို ထိန်းသိမ်းစောင့်ရှောက်တိုးတက်စေရေးအတွက် အထောက်အကူဖြစ်စေသော တိုင်းရင်းသားလူမျိုးများ၏ ပညာရေး ဌာနများကို ပြည်နယ်များတွင် ဖွဲ့စည်းဖွင့်လှစ်ပေးရန် မသင့်ဘူးလား။ (၂) ပြည်နယ်/တိုင်းတွင် တိုင်းရင်းသားလူမျိုးများ၏ အဆို၊ အက ၊ အရေး၊ အတီး အစရှိတဲ့ သုခုမ အနုပညာကို ထိန်းသိမ်းရန်၊ တိုးတက် စေရန် အတွက် တိုင်းရင်းသားလူမျိုး များ၏ အဆို၊ အက၊ အရေး၊ အတီးတို့ကိုသင်ကြားပေးသောကျောင်းတစ်ကျောင်းစီမဖွင့်လှစ်ပေးသင့်ဘူးလား။(၃)အနေနဲ့ တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ ယဉ်ကျေးမှုထိန်းသိမ်းရေး တိုးတက်ရေးကို အထောက်အကူ ပြုရန်နှင့် တိုင်းရင်းသားလူမျိုးများ၏ ပညာရေး ဌာနကို အထောက် အကူပြုရန် တိုင်းရင်းသားလူမျိုးများ၏ အဆို၊ အက၊ အရေး၊ အတီးအစရှိသော သုခုမအနုပညာကို တိုးတက်ပြန့်ပွားစေရန် အတွက် အထောက်အကူဖြစ်စေရ န် ၊ တိုင်းရင်းသားလူမျိုး များ သတင်းအချက်အလက်များနှင့် အထွေထွေ ဗဟုသုတများရရှိစေရန်ထုတ်လုပ်ရေးတွင် အထောက်အကူဖြစ်စေသော ဗဟုသုတ များ၊ ဥပမာစိုက်ပျိုးရေး ဗဟုသုတများ၊ မွေးမြူရေးဗဟုသုတများ၊ လုပ်ငန်းအမျိုးမျိုးနှင့်ပတ်သက်သော ဗဟုသုတများကို တိုင်းရင်းသားလူမျိုးတို့ အား ပေးနိုင်ရန် အတွက် ပြည်နယ်တိုင်းတွင် တိုင်းရင်းသား လူမျိုးများ၏ ဘာသာ စကားဖြင့် အချိန်ပြည့် ထုတ်လွှင့်သော တီဗွီ၊ ရုပ်မြင်သံကြားနှင့် ရေဒီယို အသံလွှင့်ဌာနတို့ကို မဖွင့်လှစ်ပေးသင့်ဘူးလား။ အထူး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။မေးခွန်း(၃)ခုမှာ ယခုမေးခွန်းအတွက်ကတစ်ခုပဲ ဖြစ်ပါတယ်။ အဆို၊ အကဏအရေး၊အတီးသင်တန်းကျောင်းများဖွင့်လှစ်ရေးကိစ္စကသက်ဆိုင်ရာပြည်နယ်ရဲ့ကိစ္စဖြစ်တဲ့ အတွက် မေးမြန်းခွင့်ပြုထားခြင်း မရှိပါဘူး။ မေးခွန်းအမှတ် (၃)က ပြန်ကြားရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့ကိစ္စဖြစ်ပါတယ်။ဒီနေ့မေးမြန်းခွင့်ပြုတဲ့ကိစ္စ ပညာရေးနဲ့ပတ်သက်တဲ့ တိုင်းရင်းသား များရဲ့စကား၊စာပေယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းသားလူမျိုးများရဲ့ ပညာပေးရေး ဌာနများကို ဖွဲ့စည်းဖွင့်လှစ်ပေးရန်နှင့် စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီမေး ခွန်း များကို ပညာရေးဝန်ကြီးဌာန ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်။ ၁၀း၁၉ ။**

**ဖြေကြားချက်**

**ဒေါက်တာချမ်းငြိမ်း (ဝန်ကြီး ၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မင်္ဂလာပါ လို့ ပထမဦးစွာ နှုတ်ခွန်း ဆက်သလိုက်ပါတယ်။ ပညာရေးဝ န်ကြီးဌာနနဲ့ ပတ်သက်တဲ့ မေးခွန်း သုံးခုကို တစ်ခုပြီးတစ်ခု ဖြေဆိုသွားမှာ ဖြစ်ပါတယ်။ပထမဦးဆုံး မေးခွန်း ဖြစ်တဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း၏ ပညာရေး ကဏ္ဍဆိုင်ရာ မေးခွန်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ရှင်းလင်းတင်ပြအပ်ပါတယ်၊ ဦးဇုန်လှယ်ထန်ရဲ့ မေးခွန်းမှာ ပြန်ပြီးတော့ အသေးစိတ်ပြန် လေ့လာမယ်ဆိုရင် မေးခွန်း(၃) ပိုင်း ပါတာကို တွေ့ရပါတယ်။ ဘာကြောင့်ချင်းပြည်နယ်ကောလိပ်ကို ကလေးတက္ကသိုလ်ဟုအမည်ပြောင်းလဲ ခေါ်ဝေါ်ပါသလဲ။ ချင်းပြည်နယ်တက္ကသိုလ်ဟု ပြန်ခေါ်နိုင်မလား ။ မခေါ်ရင် ချင်းပြည်နယ်မြောက်ပိုင်း ဖလမ်းမြို့နယ် တွင်တစ်ခု၊ ချင်းပြည်နယ်တောင်ပိုင်းသင့်တော်သောနေရာတွင် တစ်ခု၊ ကောလိပ်နှစ်ခု ချင်းပြည်နယ်တွင် ထားပေးနိုင်မလားဆိုတဲ့ (၃)ပိုင်းတောင်းဆိုတာ တွေ့ရပါတယ်။ တစ်ပိုင်းစီကို ကျွန်တော်ပြန်လည် ဖြေကြားပါ့မယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ တစ်မျိုးသားလုံး ပညာရည် မြင့်မားရေးအတွက် တက္ကသိုလ် ၊ ဒီဂရီကောလိပ်များ ဖွင့်လှစ်ခြင်း၊ အဆင့်တိုးမြှင့်ခြင်းတို့ကို လိုအပ်ချက်များနှင့်အညီ အကောင်အထည်ဖေါ် ဆောင်ရွက်လျက် ရှိပါတယ်။ ချင်းပြည်နယ်အား ကိုယ်စားပြုသည့် ကောလိပ်တစ်ခုကို စတင်ဖွင့်လှစ်သော (၁၆-၂-၁၉၉၂) မှစပြီး ကလေးကောလိပ်ဟု အမည်

သတ်မှတ်၍ ဖွင့်လှစ်ခဲ့ပါတယ်။ (၇-၇-၁၉၉၉)ခုနှစ်တွင် ကလေးဒီဂရီကောလိပ်အဖြစ် အဆင့်တိုးမြှင့်ခဲ့ပြီး (၁၄-၅-၂၀၀၃)ခုနှစ်တွင် ကလေးတက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ပေးခဲ့ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံတစ်ပြည်လုံးရှိ တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်များ၏ အမည်ကို မှည့်ခေါ်ရာတွင် တည်ရှိသည့် မြို့ အမည်၊ နာမကို အသုံးပြု၍ သတ်မှတ်လေ့ရှိသဖြင့် ကလေးတက္ကသိုလ်ဟု အမည်မှည့် ခေါ်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကလေးတက္ကသိုလ် အနေဖြင့် ကောလိပ်စတင် ဖွင့်စဉ်ကပင် ကလေးတက္ကသိုလ်ဟု ခေါ်ဝေါ်သတ်မှတ်ခဲ့ကြောင်းနှင့် ပတ်သက်၍ မေးခွန်း (က)နှင့် (ခ)တို့ကို ပြန်လည်ဖြေရှင်းတင်ပြအပ်ပါတယ်။ နောက်ဆုံး တတိယ မေးခွန်းအနေနဲ့ ချင်းပြည်နယ်မြောက်ပိုင်းဒေသများမှ အဆင့်မြင့်ပညာသင်ကြားလိုသူများအတွက် ကလေးတက္ကသိုလ် ကိုလည်းကောင်း၊ ချင်းပြည်နယ်တောင်ပိုင်း မြို့နယ်များမှ အဆင့် မြင့်ပညာသင်ကြားလိုသူများအတွက် ပခုက္ကူတက္ကသိုလ်ကို လည်းကောင်း၊ အဆင့်မြင့် ပညာရပ်များ သင်ကြားရန် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ နံပါတ် (၃)အနေနဲ့ ကျွန်တော် ပြန်ကြားလိုတာကတော့ မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင်မည်သည့်အရပ်ဒေသ၌နေထိုင်သည်ဖြစ်စေ တက္ကသိုလ်ပညာသင်ကြားခြင်းဆိုင်ရာ နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော University of Distance Education ကို တည်ထောင်ကာအခွင့်အလမ်းပေး သင်ကြားလျက်ရှိကြောင်း ပြန်ကြားအပ်ပါတယ်။ ဒီမေးခွန်းနဲ့ ဆက်နွယ်တဲ့ အဆိုတစ်ခုကိုလည်း နောက်ပိုင်းမှာ ဖြေကြားရန် ရှိပါတယ်။ အသေးစိတ် ဒီအဖြေနဲ့ပဲ ကျေနပ်လိမ့်မယ်လို့ထင်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဗညားအောင်မိုး(ခ) ဒေါက်တာဗညားအောင်မိုး၏ မေးခွန်းဖြစ်တဲ့ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ ၊ယဉ်ကျေးမှု ထိန်းသိမ်းတိုးတက်ရေး အတွက် တိုင်းရင်းသားလူမျိုးများ၏ ပညာရေးဌာနများ ဖွင့်လှစ်ပေးရန် သင့် /မသင့်မေးမြန်းခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ နိုင်ငံသားအားလုံး အခြေခံပညာအဆင့်အလိုက် သင်ယူခွင့်ရရှိရေး ၊နိုင်ငံတော်၏ ပညာရေးအဆင့်အတန်းမြင့်မားရေးတို့အတွက် ဦးစားပေးဆောင်ရွက်လျက် ရှိပါတယ်။ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ယဉ်ကျေးမှု ထိန်းသိမ်းမှုတိုးတက်ရေးအတွက် တိုင်းရင်းသားလူမျိုးများ၏

ပညာရေးဌာနများဖွင့်လှစ်ပေးရန် ပညာရေး ဝန်ကြီးဌာနတွင် လောလောဆယ် အစီအစဉ် မရှိသေးပါ ကြောင်း တင်ပြအပ်ပါတယ်။

**တိုင်းရင်းသားများ၏ စကား၊ စာပေ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အစိုးရကျောင်းများတွင် သင်ယူခွင့် အခွင့်အရေး ရှိ မရှိနှင့် စပ်လျဥ်းသည့်မေးခွန်း**

**အချိန်။ ၁၀း၂၂ ။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၄)မှဦးစတီဗင်သာဘိတ်က တိုင်းရင်းသားများ၏ စကား၊ စာပေ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အစိုးရကျောင်းများတွင် သင်ယူခွင့် အခွင့်အရေး ရှိ /မရှိ နှင့် စပ်လျဥ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်။ ၁၀း၂၂ ။**

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသောအမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဝန်ကြီးများ နဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်က ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) ဟားခါးမြို့နယ်မှ လွှတ်တော် ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တိုင်းရင်းသား စကား၊ စာပေ ဖွံ့ဖြိုးတိုးတက်စေရေး ကိစ္စအတွက် မေးမြန်း သွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်သွင်းထားတဲ့ မေးခွန်းလွှာအတိုင်း ဖတ်ခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ သို့ ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုသမ္မတ မြ န်မာနိုင်ငံတော်၊ အကြောင်းအရာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအ ခြေခံဥပဒေအပေါ် ဆွေးနွေး မေးမြန်းလိုသော အကြောင်း တင်ပြခြင်း၊ အထက်အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ တင်ပြထားသော မေးခွန်းသည် အများပြည်သူတို့ အထူးသဖြင့် ချင်းပြည်နယ်တစ်ခုလုံး အများပြည်သူတို့အတွက် အထောက်အကူ အကျိုးစီးပွားဖြစ်မည်ဟု ယုံကြည်သောကြောင့် မေးမြန်းဆွေးနွေးမှု ပြု လိုကြောင်း လေးစားစွာ ဖြင့် တင်ပြအပ်ပါတယ်။

မေးခွန်းအမှတ်(၁) ဥက္ကဋ္ဌကြီးခင်ဗျား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ အပိုဒ် ၂၂(က)တွင် နိုင်ငံတော်သည် တိုင်းရင်း သားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဥ်ကျေးမှုတို့ကိုဖွံ့ဖြိုးတိုးတက်စေရန် ကူညီ ဆောင်ရွက်မည်ဟုဖော်ပြထားပါသည်။ မေးမြန်းလိုသည်မှာ (၁) တိုင်းရင်းသားများ၏ စကား၊ စာပေတို့ကို ဖွံ့ဖြိုးတိုးတက်စေရန်အတွက်

အစိုးရကျောင်းများတွင် မိမိ ဘာသာ ၏စကား၊ စာပေ သင်ယူခွင့်၊ ခွင့်ပြုရန် ရှိပါသလား ။ (၂) အစိုးရ ကျောင်းတွင် သင်ယူခွင့် အခွင့်အရေးရှိပါက ဘယ်အချိန်မှ စတင်ခွင့်ပြုနိုင်မည် ကို ဖြေကြားပေးစေလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ပညာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်။ ၁၀း၂၅ ။**

**ဖြေကြားချက်**

**ဒေါက်တာချမ်းငြိမ်း(ဝန်ကြီး ၊ ပညာရေးဝန်ကြီးဌာန)** ။ ။ မေးခွန်း မေးတဲ့ ကိုယ်စားလှယ်တော်ကြီး ဦးစတီဗင်သာဘိတ်ကို ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်ခု ဦးစတီဗင်သာဘိတ်ရဲ့ မေးခွန်းကို ပြန်ပြောရမယ်ဆိုရင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဟားခါးမြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ်၏ တိုင်းရင်းသား များ၏ စကား၊ စာပေတို့ကို ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အစိုးရကျောင်းများတွင် မိမိ ဘာသာ စကား၊ စာပေ သင်ယူခွင့်၊ ခွင့်ပြုရန် ရှိပါသလားနှင့်အစိုးရကျောင်းတွင်သင်ယူခွင့် အခွင့်အလမ်း ရှိပါကဘယ်အချိန်မှ စတင်၍ခွင့်ပြုနိုင်မည်ကို ဖြေကြားစေလိုပါသည်ဟု မေးမြန်းထားချက် ဖြစ်ပါတယ်။ ဦးစတီဗင်သာဘိတ်ရဲ့မေးခွန်းကို ကျွန်တော်အပိုင်း(၄)ပိုင်းနဲ့ဖြေကြားပေးမှာ ဖြစ်ပါ တယ်။ ပထမပိုင်းကဘာလဲဆိုရင် အခြေခံပညာရေး ရည်မှန်းချက်ဖြစ်တဲ့ ပြည်ထောင်စုစိတ်ဓါတ်၊ မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်၍ ပညာရေးအခြေခံကောင်းများ ပြည့်ဝသည့် နိုင်ငံ သား ကောင်းများအဖြစ် လေ့ကျင့်မွေးထုတ်ပေးနိုင်ရေးအတွက် အခြေခံပညာသင်ရိုးညွှန်းတမ်းများကို ပြည်တွင်းပြည်ပ ပညာရှင်များ၊ကုလသမဂ္ဂအဖွဲ့အစည်းမှပညာရှင်များ၊ နိုင်ငံတကာပညာရှင်များ၊ ပြည်တွင်းပညာရှင်များနှင့်အဆင့်မီစွာရေးဆွဲထားပြီးဖြစ်တယ်ဆိုတာနံပါတ်(၁)အနေနဲ့ ကျွန်တော် ပြန်ကြားလိုပါတယ်။နံပါတ်(၂)အနေနဲ့ မြန်မာနိုင်ငံမှာ တိုင်းရင်းသားလူမျိုးစုပေါင်း တစ်ရာကျော် စုစည်းနေထိုင်လျှက်ရှိရာ ဘာသာစကား များလည်း များစွာရှိပါတယ်။ တစ်ချို့ မှာ လူမျိုးစုတူ သော်လည်း၊ ဘာသာစကားများ ဒေသအလိုက် ကွဲပြားလျက် ရှိပါတယ်။ ပြည်နယ် /တိုင်းဒေသ အသီးသီးတွင်ပင် လူမျိုးစုပေါင်းများစွာ စုစည်းနေထိုင်လျက်ရှိပါသဖြင့် ကျောင်းတစ်ကျောင်းမှ အတန်းတစ်တန်း တည်းမှာပင် လူမျိုးစုတစ်ခုထဲ သီးသန့် မရှိနိုင်ဘဲ လူမျိုးပေါင်းစုံ ပါ ဝင်နေတာ ကို တွေ့ရပါတယ်။ အချက်(၃)အနေနဲ့ကတော့ လက်ရှိ သင်ရိုး ညွှန်းတမ်းနဲ့ သင်ရိုးမာတိကာများ သည်နိုင်ငံတော်၏ပညာရေးရည်မှန်းချက်နှင့်အညီ ပညာရေးသဘောတရားအရ ကလေးဆူယ်များ၏

အသက်အရွယ်အလိုက် လက်ခံသင်ယူနိုင်မည့်စွမ်းရည်နှင့် ကိုက်ညီသောဘာသာရပ်များထည့်သွင်း ရေးဆွဲထားပါသည်။ ၄င်းပြင် ပြည်မန်မာနိုင်ငံတွင် ရုံးသုံးစကားသည် မြန်မာစကား ဖြစ်သဖြင့် အခြေခံပညာရေး သင်ရိုးညွှန်းတမ်းများတွင် မြန်မာစာနှင့် နိုင်ငံတကာသုံး အင်္ဂလိပ်စာကို ထည့်သွင်းရေးဆွဲထားခြင်း ဖြစ်ပါတယ်။ အချက် (၄)အနေနဲ့ ပြန်ကြား ရမှာကတော့ သို့ဖြစ် ပါ၍ မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်သော တိုင်းရင်းသားလူမျိုးများစွာရှိသည့်အတွက် တိုင်းဒေသကြီး ပြည်နယ်အလိုက် တိုင်းရင်းသားစာပေတစ်ခုချင်းစီကို အခြေခံပညာသင်ရိုးညွှန်းတမ်း ထည့်သွင်း ရေးဆွဲ သင်ကြားရာမှာ လောလောဆယ် မဖြစ်နိုင်သေးပါ။ မိမိတို့၏တိုင်းရင်းသားစာပေကို ကျောင်းပြင်ပသင်ပညာရေးအနေဖြင့် သင်ကြားဆောင်ရွက်လိုပါက ဘာသာရပ်သင် ဥပဒေပြဋ္ဌာန်း ထားပါသဖြင့် ၄င်းဥပဒေ နှင့်အညီ ဆောင်ရွက်သွားနိုင်ပါကြောင်းနှ င့် လိုအပ်သည်များကို ကူညီ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်းရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံး ကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ကချင်ပြည်နယ် မြစ်ကြီးနားမြို့ လေယာဉ်ကွင်းတွင် ဂျက်လေယာဉ်ကြီးများ ဆင်းသက်နိုင်ရေးနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်။ ၁၀း၂၇ ။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးမေးမြန်းတဲ့မေးခွန်း များဟာ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါ တယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးနောက် ဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။ ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁) မှ ဦးခက်ထိန်နန်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့လေယာဉ်ကွင်းတွင် ဂျက်လေယာဉ်ကြီး များဆင်းသက်နိုင်ရေးနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်။ ၁၀း၂၈ ။**

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ကျွန်တော်ကတော့ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ လေယာဉ်ကွင်းနဲ့ ပတ်သက်၍ တင်ပြလို ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ဝန်ကြီးများ၊

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ကချင်ပြည်နယ် အတွင်းမှာ နိုင်ငံတော်ရဲ့ အစီအစဉ်ဖြင့် အကောင်အထည်ဖေါ်ဆောင်ရွက်နေတဲ့ စီမံကိန်းကြီးများအများအပြား ရှိပါတယ်။ ဒီစီမံကိန်းများကြောင့် ကျွန်တော်တို့ရဲ့ ပြည်နယ်ဟာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက် လာမှာ မုချဧကန်မလွဲလို့ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူ အားလုံးက ယုံကြည် နေကြပါတယ်။ ဒီလို ဖွံ့ဖြိုးတိုးတက်လာမယ့်အချိန်မှာ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးဟာလည်း အရေးပါ လာ ပါတယ်။ ကချင်ပြည်နယ်မှ ဒေသခံပြည်သူများဟာ မီးရထားလမ်း၊ ကားလမ်းများအပြင် လေကြောင်း ဖြင့်လည်း ခရီးသွားလာလျက် ရှိပါတယ်။ လေ ကြောင်းပို့ဆောင်ရေးအပိုင်းတွင် ယခင်ကရှိခဲ့တဲ့ မြစ်ကြီးနားလေယာဉ်ပြေးလမ်းကို ပြုပြင် တိုးချဲ့ ဆောက်လုပ်ပေးနေတဲ့အတွက် လည်း ပြည်သူများ ကျေးဇူးတင်မဆုံးဖြစ်နေကြပါတယ်။ သို့သော်လည်း လေကြောင်းဖြင့် ခရီးသွားလာသူပြည်သူဦးရေနဲ့ လေယာဉ်တင်ဆောင်နိုင်တဲ့ ခရီးသည်ဦးရေဟာ မမျှတသေးတဲ့ အတွက် အဆင်မ ပြေမှုများ မကြာခဏဖြစ်နေကြရပါတယ်။ဒါကြောင့်ယခုလေယာဉ်ပြေးလမ်းတိုးချဲ့ရာမှာ ဂျက်လေယာဉ်ကြီး များ ဆင်းသက်နိုင်သည်အထိ တိုးချဲ့ဖောက်လုပ်ပေးပါက ခရီးသည် အရေအတွက် များများ သယ်ယူပို့ဆောင်ပေးနိုင်မည်ဖြစ်တဲ့အတွက်ထိုသို့ တိုးချဲ့ဆောက်လုပ်ပေးရေးကို ဒေသခံပြည်သူ များက မျှော်လင့်တောင့်တနေကြပါတယ်။ နိုင်ငံအတွင်းဒေသအသီးသီးက ကချင်ပြည်နယ်ကို လာ ရောက်ကြမယ့် ခရီးသည်များအတွက်ပါ အလွန်အဆင်ပြေမှာဖြစ်ပါတယ်။ ဒါကြောင့် မြစ်ကြီးနား လေယာဉ်ကွင်းကို ဂျက်လေယာဉ်ကြီးများ ဆင်းသက်နိုင်သည်အထိတိုးချဲ့ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ ထိုသို့ ဂျက်လေယာဉ်ကြီးများ ပျံသန်းဆင်းသက်ပေးနိုင်ရန် အစီအမံများ ရှိ/မရှိကို ဖြေကြားပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ချင်းပြည်နယ် (မြောက်ပိုင်း)ဖလမ်းနှင့် တောင်ပိုင်း သင့်တော်သည့်နေရာတို့တွင် လေယာဉ်ကွင်း (၂)ခု တည်ဆောက်ပေးနိုင် မှု ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်။ ၁၀း၃၁ ။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်နည်းဥပဒေ ၂၈(ဃ)မှာဥပဒေကြမ်းတင်သွင်း သည့်ကိစ္စနှင့် ဥက္ကဋ္ဌကခွင့်ပြုသည့်ကိစ္စများမှ အပအခြားကိစ္စများတွင် နှုတ်ဖြင့်သာ ဆွေးနွေး ပြောကြားရမည်။ ကြို တင်ပြုစုထားသော စာတမ်းကို ဖတ်ကြားတင်သွင်းခြင်း မပြုရ ဟု သတ်မှတ်ထားတာ ရှိပါတယ်။ ပြီးခဲ့တဲ့နေ့က ကိုယ်စားလှယ်တွေအားလုံးလည်း စာနဲ့ မဖတ်ဘဲနဲ့ ဒီအတိုင်းပဲ တင်ပြသွားတာရှိပါတယ်။ အဲ တော့ စာနဲ့ဖတ်မှ ဖြစ်မယ်ဆိုလို့ရှိရင် ခွင့် တောင်းပါ။

ခွင့်ပြုပါ့မယ်။ ကိုယ်စားလှယ်အားလုံးစာနဲ့ ဖတ်ချင်တိုင်း၊ ဖတ်ချင်တိုင်း ခွင့်တောင်းရင်ခွင့်ပြုပါမယ်။ သို့သော် ဒီလိုနည်းဥပဒေကိုလိုက်နာတဲ့အနေနဲ့ ခွင့်တောင်းဖို့တော့လိုအပ်ပါတယ်။ ဆက်လက်ပြီးတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ် ထန်းက ချင်းပြည်နယ် မြောက်ပိုင်းဖလမ်းနှင့် တောင်ပိုင်း သင့်တော်သည့်နေရာတို့တွင် လေယာဉ်ကွင်းနှစ်ခု တည်ဆောက်ပေးနိုင်မှု ရှိ/မရှိနဲ့ စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်။ ၁၀း၃၃ ။**

**ဦးဇုန်လှယ်ထန်း၊ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)။** ။ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ် (မြောက်ပိုင်း)ဖလမ်းနှင့် တောင်ပိုင်း သင့်တော်သည့်နေရာတို့တွင် လေယာဉ်ကွင်း တည်ဆောက်ပေးနိုင်မယ်ဆိုရင် ခရီးသွားလုပ်ငန်းကအစ စီးပွားရေး၊ ပို့ဆောင်ဆက်သွယ်ရေး အဆင်ပြေလာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဖလမ်းမြို့သူ မြို့သား တွေက ကိုယ်ထူကိုယ်ထ စနစ်ဖြင့်စတင်ဖောက်လုပ်ခဲ့ပါတယ်။သို့သော်မအောင်မြင်ခဲ့ပါဘူး။ယခုအချိန်မှာလည်း စီးပွားရေး တွက်ခြေကိုက်မှုနဲ့တော့ အဆင်ပြေနိုင်မယ်လို့တော့မယုံကြည်ပါဘူး။သို့သော်ချင်းပြည်နယ်တောင်ပိုင်း နဲ့မြောက်ပိုင်းမှာလေယာဉ်ကွင်းတည်ဆောက်ပေးနိုင်မယ်ဆိုရင် ခရီးသွားလုပ်ငန်းအစ စီးပွားရေး အခွင့်အလမ်းများ ချင်းပြည်နယ်တွင် ပိုမို မြင့်တက်လာမယ်လို့ ယုံကြည် ပါတယ်။ ဒါကြောင့်ယခုဒီ မေးခွန်းချင်းပြည်နယ်မြောက်ပိုင်းဖလမ်းမြို့နယ်နဲ့ တောင်ပိုင်းသင့်တော်သည့်နေရာတို့တွင်လေယာဉ်ကွင်းနှစ်ခု တည်ဆောက်ပေးနိုင်ဖို့ ရှိ/မရှိ မေးမြန်း လိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များရဲ့ မေးမြန်းချက်များနဲ့ ပတ်သက်ပြီးတော့ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

**အချိန်။ ၁၀း၃၄ ။**

**ဖြေကြားချက်**

**ဦးသိန်းဆွေ (ဝန်ကြီး ၊ ပို့ဆောင်ရေးဝန်ကြီးဌာန) ။** ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ခညောင်းပြီးတော့မှ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်း နဲ့ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ ဖြစ်ပါတယ်။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန်

မေးတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ဦးစွာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြစ်ကြီးနားလေယာဉ်ကွင်းဟာ လက်ရှိလေယာဉ်ပြေးလမ်း အရှည် ပေ (၆၀၀၀)ရှိပါတယ်။ အကျယ်အားဖြင့် ပေ(၁၅၀)ရှိပြီးတော့မှ ဖော်ကာ (F-28) ဂျက်လေယာဉ်များ လက်ရှိအ ခြေအနေမှာ ဆင်းသက်အသုံးပြုလျှက်ရှိပါတယ်။ လေယာဉ်ကွင်း ပြုပြင်တည်ဆောက်ရေးနဲ့ ပတ်သက်ပြီး(၁၉၉၂-၁၉၉၃)ခုနှစ်ဘဏ္ဍာရေးနှစ်ကစပြီးတော့ လေယာဉ်ပြေးလမ်းကို ပြန်ပြီးတော့ ပြုပြင်ခဲ့ပါတယ်။ (၁၉၉၃-၁၉၉၄) ခုနှစ် ဘဏ္ဍာရေးနှစ်ထဲမှာ ပြီးစီးခဲ့တာ ဖြစ်ပါတယ်။ လက်ရှိလေယာဉ်ပြေးလမ်း ပေ (၆၀၀၀) ပေ(၁၅၀)ကို မြောက်ဘက်ကို ဆက်ပြီးတော့မှ တိုးချဲ့ရေးလုပ်ငန်းများ ဆောင်ရွက် လျက်ရှိပါတယ်။ နှစ်စဉ်ဆောင်ရွက်လျက်ရှိပြီးတော့မှ လက်ရှိအားဖြင့် ပေ(၁၀၀၀)၊ ပေ(၁၅၀) မြောက်ဘက်ကို တိုးချဲ့ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းပြီးစီးသွားမယ်ဆိုလို့ရှိရင် မြစ်ကြီးနားလေယာဉ်ကွင်းကို (F-100) ဖော်ကာလေယာဉ်များနဲ့ (Y-8) လေယာဉ်ကြီးများ ဆင်းသက်ပျံသန်းနိုင်မှာ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့မှလည်း လေယာဉ်ကွင်းကို တိုးချဲ့ရေးအတွက် စီစဉ်ထားပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဒုတိယအနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း မေးမြန်းထားတဲ့ ချင်းပြည်နယ် (မြောက်ပိုင်း) ဖလမ်းမြို့နယ်နှင့် ချင်းပြည်နယ်တောင်ပိုင်း သင့်တော်သည့်နေရာတွင် လေယာဉ်ကွင်း (၂)ခု တည်ဆောက်ပေးနိုင်မယ့် မေးခွန်းနှင့် ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦး စီးဌာန၊ မြန်မာ့လေကြောင်းတို့အနေနဲ့ နိုင် ငံတော်မှာ လိုအပ်မယ့်နေရာတွင် ဦးစားပေးလျက် လေယာဉ်ကွင်းများတိုးချဲ့တည်ဆောက်ခြင်းနှင့် မြန်မာ့လေကြောင်းအနေဖြင့်လည်း မြန်မာနိုင်ငံဒေသ အသီးသီးမှာရှိသည့် ပြည်သူလုထုခရီးသွားလာမှု အဆင်ပြေရေးအတွက် အလေးထားပြီးတော့မှ တိုင်းနှင့်ပြည်နယ် အသီးသီးသို့ လေယာဉ်ပျံများ ပြေးဆွဲလျက်ရှိပါတယ်။ ကိုယ် စားလှယ်တော်ကြီးများအားလုံး သိကြတဲ့အတိုင်း ချင်းပြည်နယ်ဟာ တောတောင်ထူထပ်ပြီးတော့ လေယာဉ်ပျံများ ပျံသန်းဆင်းသက်ရန် ကန့်သတ်ချက်အများအပြားရှိတဲ့ ပြည်နယ်တစ်ခု ဖြစ်ပါသည်။ လက်ရှိ အနေအထားမှာ ချင်းပြည်နယ် မြောက်ပိုင်းမှာရှိတဲ့ဒေသခံ ပြည်သူများခရီးသွားလာမှု အဆင်ပြေရန်အတွက် မြေပြင်အနေအထားအရ ပိုမိုပြီးတော့မှ အခြေအနေပေးတဲ့ ကလေးမြို့မှာ လေယာဉ်ကွင်းတစ်ကွင်း ဖောက်လုပ်ပေးထားပါတယ်။ ချင်းပြည်နယ်တောင်ပိုင်းတွင်ရှိသည့် ဒေသခံပြည် သူများအတွက်ကိုလည်းပဲ ပခုက္ကူမြို့မှာရှိတဲ့

လေယာဉ်ကွင်းတစ်ကွင်းကို ဖော က်လုပ်ထားပြီးတော့မှ အသုံးပြုနေတာ ဖြစ်ပါတယ်။ ဒါ့အပြင် မကြာခင် နှစ်များအတွင်းကလည်း ကျောက်ထုမြို့မှာ လေယာဉ်ကွင်းတစ်ကွင်း ဖောက်လုပ်ထားပါတယ်။အဆိုပါ လေယာဉ်ကွင်းများမှာလည်း လေယာဉ်များပျံသန်းပြေးဆွဲလျက်ရှိပါတယ်။ လေယာဉ်ကွင်းဖောက်လုပ်သည့်နေရာမှာလွှတ်တော်အထက်ကတင်ပြတဲ့အတိုင်း မြေပြင်အခြေအနေ၊ ခရီးသွားလာမှု ၊ခရီးသည်အခြေအနေ၊ဘဏ္ဍာငွေအခြေအနေစတဲ့အခြေအနေများပေါ် မူတည်ပြီး ဆောင်ရွက်ရတဲ့လုပ်ငန်းဖြစ်ပါတယ်။ဒါကြောင့်လက်ရှိအခြေအနေမှာတော့ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ လေယာဉ်ကွင်းများ ဖောက်လုပ်ရန် အစီအစဉ် မရှိသေးပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ် ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ယခု ကြယ်ပွင့်ပြ မေးခွန်းများ မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းကဏ္ဍပြီးဆုံးပါပြီ၊ အမျိုးသားလွှတ်တော်အစည်းအဝေးကို ခေတ္တရပ်နားပြီး ၁၁း၃၀ အချိန်မှာ ပြန်လည် ကျင်းပမှာဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို ၁၀း၄၀ နာရီအချိန်တွင် ရပ်နားပြီး ၁၁း၃၀နာရီ အချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယ ခု အစည်းအဝေးပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီ ခင်ဗျား။

## ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)၏ လက်ရှိ ပညာရေးစနစ်ကို ကျွမ်းကျင်ပညာရှင်များနှင့်အတွေ့အကြုံ ရှိသော ပုဂ္ဂိုလ်များဖြင့် ဘုတ်အဖွဲ့ တစ်ခု ဖွဲ့စည်းပြီး ပြန်လည် သုံးသပ်ရန် အဆိုကိုသက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၁း၃၂။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗ င်သာဘိတ် တင်သွင်းထားသည့် လက်ရှိ ပညာရေး စနစ်ကို ကျွမ်းကျင်ပညာရှင်များနှင့် အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များဖြင့် ဘုတ်အဖွဲ့ တစ်ခု ဖွဲ့စည်းပြီး ပြန်လည် သုံးသပ်ရန် အဆိုကို ပညာရေးဝန်ကြီး ဌာန ဝန်ကြီးက ပြန်လည်ဖြေရှင်း ဆွေးနွေးဖို့ ဖြစ်ပါတယ် ။

**အချိန်၊ ၁၁း၃၂။**

**ဒေါက်တာချမ်းငြိမ်း(ဝန်ကြီး ၊ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ကွအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျားမင်္ဂလာပါလို့ ဒုတိယအကြိမ် နှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော်ဒီနေ့အဆိုကို ပြန်လည်ပြီးတော့ ကျွန်တော် ရှင်းလင်းတင်ပြမှာကတော့ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၄)မှ ဟားခါးမြို့နယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ်၏ ပညာရေးစနစ်ကို ကျွမ်းကျင် ပညာရှင်များနှင့် အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များဖြင့် ဘုတ်အဖွဲ့တစ်ခုဖွဲ့စည်းပြီး ပြန်လည်သုံးသပ်ရန် အဆိုပြုချက် နှင့်ပတ်သက်၍ အချက်(၅)ချက်နှင့် ပတ်သက်ပြီး ကျွန်တော်ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ အဓိကကတော့ အချက် (၅)ချက်က အဓိကမဟု တ်ပါဘူး။ နိုင်ငံတော်ရဲ့ အခြေခံ ပညာရေး၊ အဆင့်မြင့် ပညာရေးတွေ ဘယ်လိုကောင်းမွန်အောင် နိုင်ငံတော်က ဆောင်ရွက်ထား လဲဆိုတာ ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ အဲဒီတော့ အချက်(၅)ချက်မှာ-

(တစ်) အမျိုးသားပညာရေးမြှင့်မားရေး အနှစ် (၃၀)နှစ်ရှည် စီမံ ကိန်းလုပ်ငန်းရပ်များနှင့်အညီနိုင်ငံတကာအဆင့်မီ ပညာရေးစနစ် ဖြစ်ထွန်းရေးအတွက်အောက်ပါအတိုင်းစနစ်တကျ စီမံဆောင်ရွက် လျက်ရှိပါသည်။စီမံဆောင်ရွက်ရန် အချက် (၅) ချက် ရှိပါတယ်။ နိုင်ငံတော် အဆင့်၊ဝန်ကြီးဌာနအဆင့်၊ တက္ကသိုလ် အဆင့် စသည်ဖြင့် အခြေခံအဆင့် (၅) ဆင့်ရှိပါတယ်။ ပထမဆုံးအမြင့်ဆုံး အဆင့်ကတော့ မြန်မာနိုင်ငံပညာရေးကော်မတီက နိုင်ငံတော် အဆင့်ဖွဲ့စည်း

ထားပြီးအမျိုးသားပညာရည်မြင့်မားရေးအတွက် နိုင်ငံတော်၏ ပညာရေးမူဝါဒများကို ချမှတ်ပေး လျက်ရှိပါတယ်။ယခုလက်ရှိအခြေအနေမှာ မြန်မာနိုင်ငံ၏ ပညာရေးမူဝါဒကို ဘယ်သူက ချမှတ် သလဲဆိုရင် မြန်မာနိုင်ငံပညာရေးကော်မတီက ချမှတ်ပေးပါတယ်။ ကော်မတီမှာ ဘယ်သူ တွေ ပါလဲဆိုရင် အတွင်းရေးမှူး(၁)က ဥက္ကဋ္ဌ ၊ ကျန်တဲ့ ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာန ဝန်ကြီးများက အဖွဲ့ဝင်အနေနဲ့ ပါဝင်ပါတယ်။ မူဝါဒဟူသမျှသည် မြန်မာနိုင်ငံ ပညာရေး ကော်မတီ ကနေပြီးတော့ ချမှတ် ဆုံးဖြတ်ဆောင်ရွက်ပေးပါတယ် ။

(နှစ်)ထိုမူဝါဒ လမ်းညွှန်ချက်နှင့် အညီ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနအဆင့်တွင် အဆင့်မြင့်ပညာကဏ္ဍ၌ တက္ကသိုလ် ပညာရေးအဖွဲ့များကောင်စီ၊ တက္ကသိုလ်များဗဟိုကောင်စီကိုလည်းကောင်း အဆင့်မြင့် ပညာကဏ္ဍဆိုတာ တက္ကသိုလ် ပညာ ကဏ္ဍမှာ ပညာရေးအဖွဲ့များကောင်စီ ကျန်းမာရေးဖြစ်ဖြစ်၊ သစ်တောဖြစ်ဖြစ်၊ သိပ္ပံနှင့်နည်းပညာ ပဲဖြစ်ဖြစ်၊ ဝိဇ္ဇာသိပ္ပံပဲဖြစ်ဖြစ် သင်ရိုးညွှန်း တမ်းတွေက Standard ညီရမယ်၊ အဲဒီတော့ ပညာရေးအဖွဲ့များရဲ့ကောင်စီမှာ အသိအမှတ်ပြု ဆွေးနွေးပြီးတော့မှ ကျွန်တော်တို့ ရှေ့လုပ်ငန်း စဉ် Curriculum တွေချထားပေးပါတယ်။ နောက် တက္ကသိုလ် များဗဟိုကောင်စီကတော့မူဝါဒ တွေ တက္ကသိုလ်တွေက ဘယ်လိုကျင့်သုံးသင့်တယ်ဆိုတာတွေကို တက္ကသိုလ်အဆင့်မှာ ကျွန်တော်တို့ တက္ကသိုလ်များဗဟိုကောင်စီကို ဖွဲ့စည်းထားပါတယ် ။ ထိုနည်းအတူ အခြေခံပညာ ကဏ္ဍ၌ အခြေခံပညာရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါတယ်။ အခြေခံပညာရေးကဏ္ဍကလည်း ကျွန်တော်တို့လုပ်ချင်တိုင်းလုပ်လို့မရပါဘူး။အခြေခံပညာရေးကောင်စီဖွဲ့ထားပါတယ်။ သက်ဆိုင်ရာ ပညာရှင်တွေပါဝင်တဲ့ ပညာရေးကောင်စီက ချမှတ်တဲ့မူဝါဒတွေနဲ့အညီ ကျွန်တော်တို့က အကောင်အထည်ဖော် ဆောင်ရွက်ရပါတယ်။

(သုံး) တက္ကသိုလ်အဆင့်တွင် တက္ကသိုလ်များမှ ပညာရှင်များ၊ ပြင်ပပညာရှင်များ ပါဝင်သော တက္ကသို လ်စီမံခန့်ခွဲရေးအဖွဲ့နှင့် တက္ကသိုလ်ပညာရေးအဖွဲ့တို့ကို ဖွဲ့စည်းဆောင်ရွက် လျက်ရှိပါတယ်။ ခုနက ဝန်ကြီးဌာနအဆင့် ချမှတ်တဲ့ မူကို တက္ကသိုလ်များကတော့ တက္ကသိုလ်များ စီမံခန့်ခွဲရေးအဖွဲ့၊ ဒါက(Admin) ကိစ္စ သက်သက်ပါ။တက္ကသိုလ်ပညာရေးအဖွဲ့ တက္ကသိုလ် တစ်ခု ကလည်း သူ လုပ်ချင်တိုင်း လုပ်လို့မရပါဘူး။ အထက်က ချမှတ်ပေးတဲ့ မူဝါဒအတိုင်း လုပ်ဆောင်ရပါတယ်ဆိုတာကျွန်တော်ပြောလိုပါတယ်။အဲဒီအပြင် ကျွန်တော်တို့ ဘာရှိလဲဆိုတော့ အနှစ်(၃၀)စီမံကိန်းရှိပါတယ်။ အနှစ်(၃၀)စီမံကိန်းလုပ်ငန်း(၂၃)(၂၄)နှင့်(၃၂)တွေမှာလဲ ကျွန်တော်တို့

လုပ်ငန်းတွေ တိတိကျကျ ပြ ဋ္ဌာန်း ထားပါတယ်။ အချိန်သိပ်ပြီးတော့ကြာသွားမှာစိုးတဲ့အတွက် ဒီလုပ်ငန်းစဥ်တွေကို စိတ်ဝင်စားတယ်ဆိုရင် လုပ်ငန်းစဥ် (၃၆)ရပ် ရှိပါတယ်။ အဆင့်မြင့် ပညာရေးကဏ္ဍမှာ ဒီလုပ်ငန်းစဥ် (၃၆)ရပ်ကို ချမှတ်ပြီးတော့ နိုင်ငံတော် ရဲ့ အဆင့်မြင့် ပညာရေးမြင့်မားရေးကို ဆောင်ရွက်နေပါတယ် ။ တိုက်ရိုက် အရည်အသွေး နဲ့ သက်ဆိုင်တာ ကတော့လုပ်ငန်းစဥ် (၂၃)(၂၄)နှင့် (၃၂)တို့ ဖြစ်ပါတယ်။ နိုင်ငံတကာအဆင့်မီရေးအတွက် တက္ကသိုလ်တိုင်း တွင် Curriculum Development Team များဖွဲ့စည်းပြီး နိုင်ငံတကာ သင်ရိုး နှင့်မိမိတက္ကသိုလ် သင်ရိုး များကို စဥ်ဆက်မပြတ် နှိုင်းယှ ဥ် ကျင့်သုံးလျက် ရှိပါတယ်။ တက္ကသိုလ် တစ်ခုတွင် Independant ပေးထားလို့မရပါဘူး။ သူကလည်း မူဝါဒတွေနဲ့ အညီလုပ်ရမယ်။ အဲဒီတော့ တက္ကသိုလ် တိုင်းမှာ Curriculum Development Team ဆိုတာရှိပါတယ်။ သင်ရိုး ညွှန်းတမ်းတွေ၊ သင်ရိုးမာတိကာတွေကို ခုနက ချထားတဲ့ မူဝါ ဒတွေနဲ့ အညီလုပ်ပြီးတော့ ပညာရှင်တွေနဲ့ ဖွဲ့စည်းပြီးတော့ ကိုယ့်တက္ကသိုလ်အလိုက် ကောင်းအောင် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။

(လေး) နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်မှုပါ။ လက်ရှိအနေနဲ့ နိုင်ငံတကာနဲ့ ချိတ်ဆက် ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ASEAN University Network-AUN ဆိုတာ အာဆီယံ(၁၀)နိုင်ငံရဲ့ တက္ကသိုလ်တွေ ချိတ်ဆက်ထားပါတယ်။ ချိတ်ဆက်ထားတဲ့ ကွန်ယက်မှာ မြန်မာနိုင်ငံက တက္ကသိုလ်တွေ ပါဝင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ သီးသန့်လုပ်နေတာ မဟုတ်ပါဘူး။ ASEAN Standard နဲ့ အညီ ကျွန်တော်တို့ ဆောင်ရွက်နေခြင်းဖြစ်ပါ တယ်။ ASEAN Standard နဲ့အညီ ကျွန် တော်တို့ အစည်းအဝေးတွေ အမြဲတမ်း လုပ်ပါတယ်။ ဘာသာရပ်အလိုက်ရောလုပ်ပါတယ်။Credit Pointကို ဘယ်လိုပေးမလဲ ၊ Excel System ဘယ်လိုလုပ်မလဲ။ Credit Transfer ကို ဘယ် လို လုပ်မလဲ။ Credit Transfer ဆိုတာ မြန်မာပြည်ကအောင်ပြီး ဖိလစ်ပိုင်မှာ တက်ချင်တယ်။ ဒါမှမဟုတ် စင်ကာပူမှာသွားတက်ချင် တယ်ဆိုရင် တစ်ယောက်နဲ့ တစ်ယောာ် အသိအမှတ်ပြုအောင်Regional recommendation ရှိ အောင် AUN မှာပါတာက ကျွန်တော်တို့ Regional Network မှာ ပါဝင်ပြီး ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်မှုများအဖြစ် အဝ်ဩန်နိုင်ငံ၊ အမေရိကန်နိုင်ငံ၊ ဩစတေးလျနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ဂျပန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစရှိသည့် နိုင်ငံများရှိ တက္ကသိုလ်များနှင့် ချိတ်ဆက်၍

သုတေသန ပူးပေါင်းဆောင်ရွက်ခြင်း၊ သုတေသနဌာနနှင့် သင်ကြားရေး ဌာနတို့ ပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့က ဘာသာရပ်တိုင်းတော့ မ ပူးပေါင်းနိုင်ပါဘူး။ ကိုယ့်တိုင်းပြည်က Strong ဖြစ်တဲ့ ဘာသာရပ်တွေကိုဆိုရင် ကျွန်တော် တို့ ဥပမာ Zoo ဆိုရင် ဂျာမနီနဲ့ အင်္ဂလန်နဲ့ပူးပေါင်းတယ်။ သူတို့ဆီက Professor သူတို့နဲ့ ကိုယ်ရဲ့ Strong Point တွေကို နိုင်ငံခြား သားတွေက အသိအမှတ် ပြုပြီးတော့ လာရောက်ပူးပေါင်းတာ တွေရှိပါတယ်။ ထိုနည်းလည်းကောင်း Physics နဲ့ Chemistry တို့ဆိုရင်ဂျပန်တို့၊ ဩစတေးလျတို့၊ ကိုရီးယား တို့ တက္ကသိုလ်တွေ၊ တက္ကသိုလ် ချင်း အသိအမှတ်ပြုပြီး Professor တွေ လဲလှယ် တာတွေ၊ ကျောင်းသား လဲလှယ်တာတွေ၊စာအုပ်စာတမ်းလဲလှယ်တာတွေ၊ပူးပေါင်း joint research လုပ်တာတွေဆောင်ရွက်လျက်ရှိပါတယ်။ ပူးပေါင်းသုတေသန ဆောင်ရွက်ခြင်း၊ သုတေသနနှင့် သင်ကြားရေး ဌာနများပူးပေါင်းဖွင့်လှစ်ခြင်း၊ဧည့်သည် ပါမောက္ခများရောက်ရှိခြင်း၊ပါရဂူဘွဲ့ကျမ်းများ ကြီးကြပ်ခြင်း၊ စ စ်ဆေးခြင်း အဲဒီတော့ ကျွ န်တော်တို့ ပါရဂူဘွဲ့တွေက အများ အော်နေသလို ပေါပေါလောလောပေးနေတာမဟုတ်ပါဘူး။ ပါရဂူဘွဲ့ တွေလာတဲ့ အချိန်မှာ တော်တော်များများ ဘာသာရပ်တွေမှာ နိုင်ငံခြားဧည့် သည် ပါမောက္ခတွေ ဖိတ်ပါတယ်။ ဖိတ်တယ် ဆိုတာက သူတို့ကလဲ ကျောင်းပိတ်ရက်တွေမှာလာတယ်။ ကျွန်တော်တို့ Examination ဘုတ်တွေ မှာပါတဲ့ Board Member တွေ အနေနဲ့ အကဲဖြတ်တယ်။ ပြီးရင် လာတဲ့အချိန်အတွင်းမှာ PhD ကျောင်းသား တွေကို Seminar တွေ talk တွေ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲတွေ လုပ် ပေးပါ တယ်။ တနည်းအားဖြင့် ကျွန်တော်တို့အနေနဲ့ International Level နဲ့ လွ တ်နေတာ မဟုတ်ပါဘူးဆိုတဲ့အကြောင်း ရှင်းလင်းတင်ပြလိုပါတယ်။ ဧည့်ပါမောက္ခများ လာရောက် ခြင်းနှင့် ပါရဂူဘွဲ့သင်တန်းများ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ ဘာသာရပ်ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ပညာသင်များစေလွှတ်ခြင်း လုပ်ငန်းများကို နိုင်ငံတကာ အဆင့်မီအောင်ဆောင်ရွက်လျက်ရှိပါသည်။ ပညာသင်စေလွှတ်တာတော့ များသော အားဖြင့် Offer တွေလာတဲ့ အချိန်မှာ ပညာသင် စေလွှတ်တာတွေကို လုပ်လျက်ရှိပါတယ်။

(ငါး) အခြေခံပညာအဆင့်တွင်လည်းအနှစ်(၃၀) နှစ်ရှည်စီမံကိန်းလုပ်ငန်း(၃)အရအခြေခံ ပညာသင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို အခြေခံပညာ နှင့် အဆင့်မြင့်ပညာဌာနများမှ တာဝန်ရှိသူများ ပူးပေါင်း၍ အချိန်နှင့် တစ်ပြေးညီ နိုင်ငံတကာအဆင့်မီ ရေးဆွဲသင်ကြား ပေးလျက်ရှိသည့် အပြင် ကျွန်တော်ပြောချင်တာ အခြေခံ သင်ရိုးညွှန်းတမ်းကိုလည်း ကိုင်ထားလို့

မရပါဘူး။ ကျွန်တော်တို့ ပညာရေး education လည်း Dynamic ဖြစ်ပါတယ်။ အချိန်နှင့် တစ်ပြေးညီတိုးတက်တာနဲ့အမျှယခုဆို ICT ပညာတိုးတက် နေ တယ်။ ICTပညာတိုးတက်တယ် ဆိုရင် ICTပညာနဲ့အမီ လိုက်နိုင်မှ ကျွန်တော် တို့ပညာရေးက ခေတ်မီမယ်။ ထိုနည်း လည်းကောင်း အရင်တုန်းက Electronic ဆိုရင် Micro , Micro Level ဆိုတာ တက္ကသိုလ် $10^{-6}$ ပဲရှိတယ်။ အခု Nano ပေါ်လာပြီ ဆိုတဲ့ Nano Technology ဘာသာရပ် မသင်နိုင်ဘူး။ အဆင့်မြင့် ဘာသာရပ်ကို မသင်နိုင်ဘူး။ ကျွန်တော်တို့ နောက်ကျ ကျန်နေခဲ့မှာပဲ။ အဲဒီတော့ အဆင့်မြင့်ဘာသာရပ်ကို သင်ဖို့ဆိုရင် အပြည်ပြည်ဆိုင်ရာနဲ့ ချိတ်ဆက်ထားဖို့လိုပါတယ်။ သုတေသနတွေလုပ်ဖို့ လိုပါတယ်။ ဒါပေမဲ့လူကြီးမင်းတွေ ၊ ကိုယ်စားလှယ်လက်ထက်မှာဘယ်အချိန်မှာ အသုံးပြုနိုင်မလဲ၊ အသုံးပြုနိုင်ရင်တောင်အချိန်ယူရပါလိမ့်မယ်။ အခု သုတေသနလုပ်ပြီး မနက်ဖြန် အကောင်အထည် ဖော်တာမဟုတ်ပါဘူး။ သုတေသနပြုပြီး နှစ်နှစ် ၊ သုံးနှစ် တန်သည်ရှိမှ အကောင်အထည်ဖော်တဲ့ Infrastructure လည်းရှိရမယ်။ စီးပွားရေး ၊ လူမှုရေးစနစ်လည်း ရှိပါမယ်။ အဲဒါတွေအတွက် အခြေခံကောင်းတွေရအောင်လို့ ကျွန်တော်တို့ ပညာရေး ဝန်ကြီးဌာနကဆောင်ရွက်နေပါတယ်။တာဝန်ရှိသူများအနက်အခြေခံပညာ အဆင့်မြင့် ပညာဌာနနဲ့ ပူးပေါင်းဆောင်ရွက်ပြီးအချိန်နဲ့ တပြေးညီ ဆောင်ရွက် ပေးလျက်ရှိပါတယ်။ ကျွန်တော်တို့ဆယ်တန်း Curriculum အကြောင်း ပြောချင်ပါတယ်။လွန်ခဲ့တဲ့နှစ်နှစ်ရှိပါပြီ။ ဒီနှစ်က တတိယ မြောက် နှစ်ဖြစ်ပါတယ်။ ဒီ GCE O Level နဲ့ ကျွန်တော်တို့ ညှိထားပါတယ်။ GCE ဆိုတာက General Certificate of Education ဆယ်တန်း syllabus သင်ရိုးညွှန်းတမ်းကို ငါ့ လှေ ငါ ထိုး ပဲခူးရောက်ရောက် ၊ ငါ့ မြင်း ငါစိုင်း စစ်ကိုင်းရောက်ရောက် ဆိုပြီး ရေးလို့မရပါဘူး။ ကျွန်တော် တို့ဆယ်တန်း အောင် တဲ့သူတွေသည် International Level ဖြစ်တဲ့ GCE O Level,A Level နဲ့ ညှိရမယ် ။ ဒီ GCE O Level,A Level နဲ့ မညှိ ဘူးဆိုရင် အခြေခံဆရာမ တွေလုပ်လို့လည်း မရပါဘူး။ တက္ကသိုလ်က ဆရာတွေ လုပ်လို့လည်း မရဘူး။ တက္ကသိုလ်ကဆရာတွေ အခြေခံက ဆရာတွေပူးပေါင်း ပြီးတော့ Unicef တို့ ဘာတို့ Expert တွေခေါ်ပြီးတဲ့ အချိန်မှာ ကျွန်တော်တို့ သေချာဆွေးနွေးပွဲတွေ လုပ်ရပါတယ်။ syllabus တစ်ခုကို ဆယ်တန်းအောင် syllabus တစ်ခုပြောင်းဖို့ (၃) နှစ်ကြာပါတယ်။ နံပါတ် (၁) ကပြောင်းသင့်ပြီလား။ ပြောင်း သင့်တဲ့အချိန် ရောက်ပြီလား။စိစစ်သုံးသပ်ရပါတယ်။ အကြိုဆွေးနွေးပွဲတွေ လုပ်ရပါတယ်။ ဆွေးနွေးတဲ့ အခါမှာ အမျိုးသားပညာရေး နှီးနှောဖလှယ်ပွဲမှာ တစ်ခါ ပြန်တင်ပြရ ပါတယ်။ အဲဒါ အတည်ဖြစ်တော့မှ

အဲဒီ syllabus အတိုင်း စာအုပ်စာတမ်းတွေ ရိုက်ရပါတယ်။ ဆရာတွေကိုသင်တန်းပေးရပါတယ်။ အဲဒီတော့ကျွန်တော်တို့ပညာရေးက ထုထည်ကြီးတယ်။မြန်မာနိုင်ငံမှာကျောင်းပေါင်း(၄၀၀၀၀)ကျော် ရှိပါတယ်။ အခြေခံ ကျောင်းသူ/ သားပေါင်း(၈၀၀၀၀၀၀)ကျော် ရှိပါတယ်။အဲဒီတော့ ကျောင်းသူ/ သားပေါင်း (၈၀၀၀၀၀၀)ကျော် ပညာသင်ကြားရေးက အမှားမခံပါဘူး။ အစမ်းသပ် မခံပါဘူး။ တကယ်တိတိကျကျ လုပ်ဆောင်နိုင်မှသာ မြန်မာနိုင်ငံ ရဲ့ အမျိုးသားပညာရေး ဖွံ့ဖြိုးတိုးတက် လာမှာ ဖြစ်ပါတယ် ။ အဲဒီတော့ ခင်ဗျား တို့က ပြောမယ်ဆိုရင် ဟုတ်ပြီ မင်းပြော တာတော့ ဖြောင့်နေတာပဲ ဖြူး နေတာပဲ။ နိုင်ငံခြားကရော အကြံဉာဏ် မယူဘူးလားဆိုတော့ ယူပါတယ်။ နိုင်ငံခြားက အကြံဉာဏ်ယူတာက ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ UNICEF နဲ့ဆိုရင် ကျွန်တော်တို့ဘာလုပ်မလဲ Child Centre Approach ဆိုတာ ခင်ဗျား တို့ သတင်းစာ ထဲမှာ အော်အော်နေတဲ့ နိုင်ငံခြား က ဘာအော်နေသလဲဆိုရင် အလွတ်ကျက်တဲ့စနစ်ကို ကျင့်သုံးနေတဲ့ အခု ကျွန်တော် တရားဝင် ပြောလိုတာက Child Centre Approach, Teacher Centre Approach ဆိုတာက ဆရာ ပြောတဲ့အတိုင်း အလွတ်ကျက် မှတ်တာက Teacher Centre Approach ကျောင်းသားတွေရဲ့ လိုအပ်ချက် တွေကို ဖြည့်ဆည်းပေးတာ Child Centre Approach အဲဒီတော့ Child Centre Approach ကိုပြောင်းနေပြီ။ ပြောင်းတော့လည်း သုငယ်တန်းကနေ ဆယ်တန်းအထိတစ်ပြိုင်တည်း ပြောင်းလို့ မရပါဘူး။ အဆင့်လိုက် မူလတန်း ပြောင်းမယ်။ မူလတန်းပြီးရင် အလယ်တန်း ၊ အလယ်တန်းပြီးရင် အထက်တန်းပြောင်းမယ်၊ ယခု ကျွန်တော်တို့ မူလတန်း အဆင့်တွေမှာ Child Centre Approach တွေ စတင်ပြီး ကျင့်သုံး နေပါပြီဆိုတာ ပြောချင်ပါတယ်။ နိုင်ငံခြားက အကူအညီတွေနဲ့ ဆိုရင် CIA , UNICEF နိုင်ငံတကာပူးပေါင်း ဆောင်ရွက် ရေးမြှင့်တင်တဲ့ JICA ဂျပန်က ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ JICA ကလည်းအမြဲတမ်းအကူအညီပေးပါတယ်၊သင်တန်းတွေမှာ နောက် KOICA ကိုရီးယားနိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ ၊ ထိုင်းနိုင်ငံ Thailand International Development Agency-TICA စသည့် ပညာရေးအဖွဲ့များနှင့်ပူးပေါင်း ဆောင်ရွက်နေပါကြောင်းပြောချင် ပါတယ်။ အနှစ်ချုပ်ပြောချင် တာက အခြေခံပညာ ကဏ္ဍမှာဖြစ်ဖြစ် အဆင့်မြင့် ပညာကဏ္ဍမှာ ဘဲဖြစ်ဖြစ် ကျွန်တော်တို့ ဒီနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးမှာ အောက်ခြေလွတ်မနေပါဘူး။ ထို့ပြင် ပြည်တွင်း က ပညာရှင်တွေ ၊ အခြေ ခံက ပညာရှင်တွေ ၊ အဆင့်မြ င့်က ပညာရှင် တွေ၊ ပါမောက္ခတွေ ပါမောက္ခ အငြိမ်းစားတွေနဲ့ ပူးပေါင်းဆောင်ရွက်မြီးတော့ ကျွန်တော် လုပ်နေပါတယ်။

အပြောသာလွယ်တာပါ။ တကယ် လက်တွေ့လာလုပ်ကြည့်ပါ။ စနစ်တကျလုပ်တတ်ဖို့က အရမ်းအရေးကြီးပါတယ်။ အမှားလည်း အတိမ်းအစောင်း မခံပါဘူး။ ပညာရေးမှားသွားရင် တိုင်းပြည်ငါးပါး မှောက်မယ့်သဘောဖြစ်ပါတယ်။ ဒါက အရပ်စကားပြောတာပါ။ အဲဒီတော့ ပညာရေးကောင်း မှလည်း တိုင်းပြည်က ကောင်းပါမယ် ။ ဗိုလ်ချုပ်မှူးကြီး က အမြဲပြောတယ် ။ ဖိုးသုညတွေနဲ့ တိုင်းပြည်ကို တည်ဆောက်လို့ မရဘူး ။ ပညာရေးကအဓိကဖြစ်တယ်။ ပညာရေး ကောင်းအောင်လုပ်ပါ။ ကျွန် တော်တို့ကို အမြဲတမ်း လမ်းညွှန်ချက် ပေးထားပါတယ်။ ဒီအပြင် ကျွန်တော်တို့အထက်ပါ အမျိုးသားပညာရည်မြှင့်မားရေးလုပ်ငန်းစဉ်များကို တာဝန်ရှိအဆင့်ဆင့်မှ ပညာရှင်များပူးပေါင်းပြီး အမျိုးသားပညာရေး နှီးနှောဖလှယ်ပွဲများကို နှစ်စဉ်ကျင်းပပြီး ပညာရေးဆိုင်ရာ လုပ်ငန်းများကို ပုံမှန်ပြန် စိစစ်ခြင်း၊ အကဲဖြတ်ခြင်း ၊ ပြင်ဆင် ဆောင်ရွက်ခြင်း၊ နိုင်ငံသားတိုင်း ပူးပေါင်းဆောင်ရွက်လျက် ရှိပါသဖြင့် နှစ်စဉ် ကျွန်တော်တို့က Dynamic ဖြစ်ရမယ်ဆိုတော့ နှစ်စဉ် ကျွန်တော်တို့နွေရာသီ ကျောင်းပိတ်တယ်ဆိုတော့ ခင်ဗျားတို့ ကိုယ်စားလှယ်တွေမြင်မယ်။ဆရာတွေအားသွားမယ်။ မအားပါဘူး။ အမျိုးသားပညာရည်မြှင့်မားရေး နှီးနှောဖလှယ်ပွဲများ နွေရာသီကျောင်းပိတ်ရက်များမှာအမြဲတမ်းလုပ်ပါတယ်။ အဲဒီနှီးနှောဖလှယ်ပွဲမှာ အခြေခံလည်း အခြေခံအဆင့်လုပ်တယ်။ အဆင့်မြင့်ကလည်း အဆင့်မြင့်တိုင်းလုပ်တယ်။ ဘာတွေလုပ်သလဲ ဆိုရင် တစ်နှစ်အတွင်း လုပ်ဆောင်ချက်တွေကို ပြန်လည် သုံးသပ်တယ်။ ဘာတွေ ပြင်သင့်တယ် ။ နောက်နှစ် ဘယ်လို ပြုပြင်သင့်တယ်ဆိုတာကို ကျွန်တော်တို့အမျိုးသား ပညာရည်မြှင့်မားရေး ဆွေးနွေးပွဲမှာ နှစ်စဉ် Dynamic ဖြစ်ကြောင်း ကျွန်တော်ပြောချင် ပါတယ်။ အဲဒီတော့ တက္ကသိုလ်မှာလည်း တက္ကသိုလ်အလိုက် စိစစ်သုံးသပ်တယ်။ အားနည်းချက်တွေ အားသာချက်တွေကို ပြုလုပ်ပြီးတော့၊ အားသာချက်တွေကို ဘယ်လို ပိုပြီးအားသာအောင် လုပ်မလဲ။ အားနည်းချက်တွေကိုဘယ်လိုလျှော့နည်းအောင်လုပ်မလဲဆိုတာကို နှစ်စဉ်လုပ်ဆောင် လျက် ရှိပါတယ်။ အဲဒီတော့ နောက်ဆုံးအနေ နဲ့ ပြောချင်တာက ဦးစတီဗင်သာ ဘိတ် အဆိုပြုတဲ့ တင်ပြချက်များသည် ကောင်းမွန်ပါတယ်။ သို့သော် ကောင်းမွန်ပင် ကောင်းမွန်ငြားလည်း ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျွန်တော် ရှင်းလင်းချက် အတိုချုပ်ကို ကြည့်မယ် ဆိုရင် ကျွန်တော်တို့ လုပ်ငန်းပိုင်းရဲ့ တစ်စိတ်တစ်ဒေသမှာ ပါဝင်ပြီးသားဖြစ်ပါတယ်။ ကျွန်တော်တို့ အစိတ်အပိုင်း အကုန်လုံးတော့ မဟုတ်ဘူး။ ဦးစတီဗင်သာဘိတ် ဆိုလိုတာက Quality Education အပိုင်းလေးပဲ ကျွန်တော်တို့ တင်ပြထားတာ ဖြစ်ပါတယ်။ ဒီအပိုင်းကို ကျွန်တော်တို့

ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီတော့ နိဂုံးချုပ်အနေနဲ့ကျွန်တော် တင်ပြချင်တာကတော့ အထက်ပါ ကျွန်တော်ရဲ့ ရှင်းလင်းတင်ပြ ချက် အတိုချုပ်ကို သိရှိနားလည် သဘောပေါက် ပါက ကိုယ်စားလှယ်တော်ကြီး အနေဖြင့် အဆိုပြုချက်အား ပြန်လည် ရုပ်သိမ်းပေးပါရန် မေတ္တာရပ်ခံ အပ်ပါတယ်။ ဘာလို့လည်းဆိုတော့ ကျွန်တော်တို့ လုပ်ပြီးသား လုပ်ငန်းတွေ ကို ထပ်ပြီးတော့ အဆိုပြုတဲ့အတွက် လုပ်ငန်းတွေ ထပ်နေပါတယ်။ အကုန်လုံးလည်း မဟုတ်ပါဘူး။ တစ်စိတ်တစ်ပိုင်းသာ ဖြစ်တဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ**။ ။မူလအဆိုရှင်ဦးစတီဖင်သာဘိတ်ရဲ့ အဆိုကို ပြည်ထောင်စုအဆင့် ဝန်ကြီးက ရှင်းလင်းတင်ပြပြီးတဲ့အခါမှာ အဆိုကို ပြန်လည်ရုပ်သိမ်းဖို့ မေတ္တာရပ်ခံသွား တာ ဖြစ်ပါတယ်။ ဒါကြောင့် အဆို ရှင်ဦးစတီဖင်သာဘိတ်အနေနဲ့ အဆိုကို ရုပ် သိမ်းလိုခြင်းရှိရင် ရှိကြောင်းနဲ့ အကယ်၍မရှိရင်လည်း အခြားရှင်းလင်းဆွေးနွေးချက်ရှိရင် ဒီခေါင်းစဉ် အောက်က ဆွေးနွေး နိုင်ပါတယ်။

**အချိန်။ ၁၁း၄၁။**

**ဦးစတီဖင်သာဘိတ်ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၄)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွကြွရောက်လာကြတဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် တင်သွင်းသွားတဲ့ ပညာရေးစနစ်နဲ့ ပတ်သက်လို့ သက်ဆို င်ရာပညာရေးဝန်ကြီးက အသေးစိတ် စိတ်ရှည် လက်ရှည် ရှင်းလင်း ပေးသွားပြီးတော့ ကျွန်တော်တို့ မသိတဲ့ အဆင့်ထိ ကျွန်တော်တို့ကို ရှင်းလင်းပေးတဲ့ အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်။ပညာရေးကဏ္ဍမှာ အခြေခံကနေ တက္ကသိုလ် အဆင့်အထိ International Level ထိကို ဘယ်ပုံဘယ်နည်းနဲ့ ဆောင်ရွက်နေတယ်ဆိုတာကို ကျွန်တော်တို့ကိုယ်စားလှယ်များသိရှိနားလည်အောင် အသေးစိတ် ရှင်းပြတာကို ကျွန်တော်အနေနဲ့ အထူးပဲ ဝမ်းသာမိပါတယ်။ ကျေးဇူးလဲတင်ပါ တယ်။ နောက်ဆုံး ဝန်ကြီးအနေနဲ့ ကျွန်တော်တို့ တင်ပြသွားတဲ့အဆိုကို ပြန်လည်ရုပ် သိမ်းဖို့ ကိစ္စနဲ့ ပတ်သက်လို့ ဒီအဆိုဟာ ကျွန်တော် တို့ အစည်းအဝေးပုံမှန်ကျင်းပနေတဲ့ (၉-၃-၂၀၁၁) ပုံမှန်အစည်းအဝေးမှာ ကြွရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ ထောက်ခံမှုနဲ့ (၁၀-၃-၂၀၁၁)ပုံမှန် အစည်းအဝေးမှာ ထောက် ခံပြီး ဆွေးနွေးပြီးသား ဖြစ်ပါတယ်။ ဒီဆွေးနွေးတဲ့ အချက်အပေါ်မှာ ကျွန်တော် တစ်ဦးတစ်ယောက်ထဲနဲ့ ဒီအဆိုကို ပြန်လည်ရုပ် သိမ်းဖို့ဆိုတဲ့အချက်ဟာ ယခု

ကျွန်တော်တို့တင်သွင်းခဲ့တဲ့အချက်ပေါ်မှာဆွေးနွေးသွားတဲ့ပုဂ္ဂိုလ်များအားလုံးလွှတ်တော်ကိုယ်စားလှယ်များရဲ့ ထောက်ခံမှုအပေါ် ကျွန်တော်တစ်ဦးတစ်ယောက်ထဲနဲ့ ပြန်လည် ရုပ်သိမ်းဖို့ ဆိုတာက-

**အချိန်။ ၁၁း၄၂။**

**ဥက္ကဋ္ဌ**။ ။ ရုပ်သိမ်းမယ်ဆိုရင်လွှတ်တော်ရဲ့သဘောထားပြန်လည်ရယူပေးရမှာဒါလုပ်ထုံးလုပ်နည်းဥပဒေဖြစ်ပါတယ်။

**အချိန်။ ၁၁း၄၂။**

**ဦးစတီဖင်သာဘိတ် ၊ ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၄)**။ ။ကျွန်တော် ပြန်လည်ရုပ်သိမ်းဖို့ကို ဆန္ဒမရှိဘဲနဲ့ လွှတ်တော်အနေနဲ့ပဲ ဆက်လက်ဆောင်ရွက်ပေးဖို့ လွှတ်တော်ရဲ့အများဆန္ဒကို ကျွန်တော်လိုက်နာဖို့ အဆင်သင့် ဖြစ်ပါကြောင်း တင်ပြအပ် ပါတယ်။

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ။ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဖင်သာဘိတ် က ၎င်းတင်သွင်းထားတဲ့ အဆိုကို ရု ပ်သိမ်းလိုခြင်းမရှိကြောင်း တင်ပြ တဲ့အတွက် လက်ရှိ ပညာရေး စနစ်ကို ကျွမ်းကျင်ပညာရှင်များ နှင့် အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များဖြင့် ဘုတ်အဖွဲ့တစ်ခု ဖွဲ့စည်းပြီး ပြန်လည်သုံးသပ်ရန် အဆိုကိုအတည်ပြုရန် သဘောတူမတူ လွှတ်တော်က အဆုံးအဖြတ်ရယူပါမယ်။ ဒီလို အဆုံးအဖြတ် ရယူဖို့ စက်ခလုတ် အသုံးပြုပြီး ဆန္ဒ မဲပေးတဲ့နည်းနဲ့ ဆောင်ရွက်ပါမယ်။ စက်ခလုတ် အသုံးပြုပြီး ဆန္ဒမဲပေးဖို့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့တစ်ဦးစွာ အမျိုးသားလွှတ်တော်အစည်းအဝေး တက်ရောက်ကြောင်း လက်မှတ်ရေးထိုးတဲ့နေရာမှာ ကိုယ်စားလှယ်ကိုယ်တိုင်ရေးလက်မှတ်နဲ့လဲလှယ်ပေးလိုက်တဲ့ ဆန္ဒမဲပေးကတ်ကို မိမိရှေ့မှာရှိတဲ့ စက်ခလုတ်ရဲ့ လက်ယာဘက် ဘေးမှာရှိတဲ့ကတ်ထည့်ပေါက် အတွင်းသို့ ဦးစွာ ထည့်သွင်းရမှာ ဖြစ်ပါတ ယ်။ ဒီလိုထည့်သွင်းရာမှာ မဲပေးကတ်ပေါ်ရှိ မျှားပြထားတဲ့ဘက် ကို အပေါ်မှာထားပြီး မျှားဦးတည်ရာအတိုင်း ထည့်ရမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးကတ်ကို စက်ထဲထည့် မှသာ ဆန္ဒမဲပေးခြင်းကို စက်ကထည့်သွင်းရေတွက်မှာဖြစ်ပါတယ်။ အကယ်၍ ဆန္ဒမဲ ပေးကတ်ကို စက်အတွင်း မထည့်ပါက သို့မဟုတ် ဘက်မှား၍ ထည့်ပါ က ဆန္ဒမဲပေးမှုကိုစက်ကထည့်သွင်းရေတွက်မှာမဟုတ်ကြောင်းပြောကြားလိုပါတယ်။ စက်ခလုတ် နဲ့ဆန္ဒမဲပေးတဲ့အခါမှာ အဆိုကို အ တည်ပြုရန် သဘောတူရင် အစိမ်းရောင်ခလုတ်၊ အဆိုကို

အတည်ပြုရန် သဘောမတူရင် အနီရောင် ခလုတ်နှင့်၊ ကြားနေရင် အဝါရောင် ခလုတ်ကို နှိပ်ဖို့ ဖြစ်ပါတယ်။ ခလုတ်နှိပ်ခြင်း နှင့် ပတ်သက်လို့ ကျွန်တော်က ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလို ပါတယ်လို့ ကြေညာတာနဲ့ လွှတ်တော် အစည်းအဝေးခန်းမမျက်နှာစာမှာရှိတဲ့ အစိမ်းရောင် အချက်ပြမီး လင်းချည်မှိတ်ချည် ဖြစ်လာပါမယ်။ ဒီလိုဖြစ်လာတာနဲ့ တစ်ပြိုင်နက် ကျွန်တော်က ဆန္ဒမဲ ပေးနိုင်ကြပါ ပြီလို့ ဖိတ် ခေါ်တဲ့ အချိန်ကစပြီး အချက်ပြမီးစိမ်း လင်းချည်မှိတ်ချည် ရှိနေချိန်အတွင်း မိမိဆန္ဒ ရှိရာခလုတ်ကိုနှိပ်ဖို့ဖြစ်ပါတယ်။ အချက်ပြ မီးစိမ်းဟာ ဆန္ဒမဲပေးဖို့ သတ်မှတ်ထားတဲ့ စက္ကန့် (၃၀) ပြည့်တာနဲ့ ငြိမ်းသွားပါမယ်။ ဆန္ဒမဲပေးတဲ့ ခလုတ်ကို မှားယွင်း နှိပ်မိလို့ ပြင်ဆင်လိုပါက အချက်ပြမီးစိမ်းငြိမ်းမ သွားမီ အချိန်အတွင်း မိမိအမှန်တကယ် ဆန္ဒမဲပေးလိုတဲ့ ခလုတ်ကိုထပ်မံနှိပ်ဖို့ ဖြစ်ပါတယ်။ အချက်ပြမီးစိမ်း ငြိမ်းမသွားမီ အချိန်အတွင်း နောက်ဆုံးနှိပ်တဲ့ခလုတ်ဟာ ဆန္ဒမဲပေးခြင်းအတွက် အတည်ဖြစ်ပါတယ်။ စက်ခလုတ်အသုံးပြုပြီး ဆန္ဒမဲပေးချိန်မှာ လွှတ်တော်ရုံးက တာဝန်ပေး ထားတဲ့ကြီးကြပ်သူအရာရှိက စက်ခန်းကို ကြီးကြပ် ပေးမှာဖြစ်ပါတယ် ။

အမျိုးသားလွှတ်တော် ကိုယ် စားလှယ်များခင်ဗျား။ ယခု လွှတ်တော်ရဲ့ ဆန္ဒရယူ ပါ့မယ်၊ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလို ပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ ။ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ် မဲဆ န္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ် တင်သွင်း ထားတဲ့လက်ရှိပညာရေးစနစ်ကို ကျွမ်းကျင် ပညာရှင်များနဲ့ အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များဖြင့် ဘုတ်အဖွဲ့တစ်ခုဖွဲ့စည်းပြီး ပြန်လည်သုံးသပ်ရန် အဆိုကို အတည်ပြုရန် ထောက်ခံမဲ (၂၂)မဲ၊ ကြားနေမဲ(၈)မဲ၊ ကန့်ကွက်မဲ (၁၈၁)မဲ စုစုပေါင်း မဲပေးသူ (၂၁၁)မဲဖြစ်ပါတယ်။ ဒါကြောင့် ဒီအဆိုကိုလွှတ်တော်က အတည်ပြုရန် သဘောမတူကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အချိန်။ ၁၁း၄၄ ။**

**ဥက္ကဋ္ဌ** ။ ။ဒီနေရာမှာ မေတ္တာရပ်ခံချင်တာကတော့ ပြည်ထောင် စုအဆင့် အဖွဲ့အစည်းကပုဂ္ဂိုလ်များ တက်ရောက်ရှင်းလင်းတဲ့အခါမှာ စကားပြောတာရော နည်းနည်းလေး ပုံမှန်နှုန်းလေးနဲ့ပြောပေးဖို့ဖြစ်ပါတယ်။ အများနားလည်အောင် ရှင်းရှင်းလင်း လင်း သိအောင် နည်းနည်းစကားမြန်တဲ့ အခါမှာ လိုက်ပြီးတော့ နားထောင်ရတဲ့အခါမှာ အာရုံပိုပြီး စူး စိုက်ရတဲ့ အတွက်ကြောင့် မေတ္တာရပ်ခံတင်ပြခြင်းဖြစ်ပါတယ်။

# ဦးပေါ်လျှံလွင်၊ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ ချင်းပြည်နယ်၏ ပြည်နယ်မြို့တော် ဖြစ်သော ဟားခါးမြို့တွင် ကောလိပ်ကျောင်းဖွင့်လှစ်ပေးနိုင်ပါရန် အဆိုကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် တင်သွင်းထားတဲ့ ချင်းပြည်နယ် ၏ ပြည်နယ်မြို့တော် ဖြစ်သော ဟားခါးမြို့တွင် ကောလိပ်ကျောင်းဖွင့် လှစ်ပေးနိုင်ပါရန်အဆိုကို ပညာရေး ဝန်ကြီးဌာန ဝန်ကြီးက ပြန်လည် ဖြေရှင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်။ ၁၁း၄၅ ။**

**ဒေါက်တာချမ်းငြိမ်း (ဝန်ကြီး၊ ပညာရေး ဝန်ကြီးဌာန)** ။ ။ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်အားလုံး မင်္ဂလာပါခင်ဗျားအခုကျွန်တော် ဖြေကြားမယ့် အဆိုကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ မတူပီမြို့မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျှံ လွင်၏ ချင်းပြည်နယ်တွင် သင့်လျော် သောကောလိပ်ကျောင်း ဖွင့်လှစ်ပေးနိုင်ပါရန်ဆိုတဲ့ အဆိုပြုချက်နဲ့ ပတ်သက်လို့ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ဒီအဆိုပြုချက်ကိုမရှင်းလင်းခင် အဆင့်မြင့်ပညာရေး ဆိုတာဘာလဲ။Quality Educationဆိုတာဘာလဲ။ဘာတွေလိုအပ်လဲ။တက္ကသိုလ်၊ ကောလိပ် တစ်ခုမှာ ဒါ ကိုကျွန်တော်အရင်ရှင်းလင်း တင်ပြ ချင်ပါတယ်။ ဒါမှသာ ဒီ မေးခွန်းကို ဖြေရှင်းတဲ့ အခါမှာ ရှင်းမှာဖြစ်ပါတယ်။ အဲ ဒီတော့ အဆင့်မြင့်ပညာရေးနဲ့ပတ်သက်ပြီးတော့ နိုင်ငံတကာမှာ လက်ခံ ထားတာ အချ က်(၃)ချက်ရှိပါတယ်။ နံပါတ် (၁)က Accessibility ဆိုတာ သင်ယူခွင့် ရရှိရေး၊ သင်ယူဖို့ ကောလိပ်မှမရှိရင် ကလေးတွေဟာ ဘယ်လိုမှ အဆင့်မြင့်ပညာကို သင်ယူ နိုင်ခွင့်ရှိမှာ မဟုတ်ပါဘူး။ဒါကြောင့် ့မိုလို့ချင်းပြည်နယ်မှာရှိတဲ့ကလေးတွေရဲ့ Accessibility တစ်နည်းအားဖြင့် ချင်းပြည်နယ်မှာရှိတဲ့ ကလေးတွေ အဆင့်မြင့်ပညာသင်ယူနိုင်ဖို့ အတွက် ဆိုရင် ချင်းပြည်နယ် မြောက်ပိုင်းအတွက်ဆိုရင် ကလေးမြို့မှာ လည်းကောင်း၊ ချင်းပြ ည်နယ် တောင်ပိုင်းအတွက်ဆိုရင် ပခုက္ကူမြို့မှာ လည်းကောင်း၊ တက္ကသိုလ်နှစ်ခု ဖွင့်လှစ်ထားရှိကြောင်း ပြောလိုပါတယ်။ တစ်နည်း အားဖြင့်Accessibility လို့ခေါ်တဲ့ သင်ယူခွင့် အခွင့်အလမ်းတွေဟာ

ဖွင့်လှစ်ပြီးသားဖြစ်ကြောင်း တင်ပြလိုပါတယ်။ သင်ယူခွင့် အခွင့်အလမ်း တွေဟာ ဖွင့်လှစ်ပြီးရုံနဲ့ လုံလောက်ပြီလား။ မလုံလောက်သေးပါဘူး။ ဒါ တစ်စိတ် တစ်ပိုင်းပဲ ရှိပါသေးတယ်။ နောက် တစ်ခုက Quality Education အရည်အသွေး မြင့်မားတဲ့ပညာရေး ဖြစ်ရမယ်။ အရည်အသွေး မြင့်မားတယ်ဆိုတာ ကျောင်းတွေဖွင့်ရုံပဲဖွင့်ပြီးတော့ဘွဲ့တွေ ပေးရုံပဲပေးတယ် ဆိုရင် ဒါဟာလည်း မအောင် မြင်ပါဘူး။ နံပါတ်နှစ်ကတော့ Quality Education ဖြစ်ဖို့အရေးကြီးပါတယ်။ နောက် နံပါတ်သုံးအချက်က အရေးကြီးတာ Diversity ခေါ်တဲ့ ကိုယ့်ဒေသအတွက် သင့်တော်တဲ့၊ ကိုယ်ဝါသနာပါတဲ့ ဘာသာရပ်တွေကို ကိုယ့်ဘာသာရပ်အလိုက် ကိုယ့်ဒေသလိုအပ်ချက်အရ ကျွန်တော်တို့ ပညာဆည်းပူး နိုင်ဖို့ အရေးကြီးပါတယ်။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် အဆင့်မြင့်ပညာရေးမှာ ကန့်သတ်ချက် သုံးခုရှိပါတယ်။နံပါတ်တစ်က Accessibility လို့ခေါ်တဲ့ သင်ယူမှုအခွင့်အလမ်းရှိရမယ်။ နံပါတ်နှစ်က Quality Education အရည်အသွေးရှိတဲ့ ပညာရေးဖြစ်ရမည်။ နံပါတ်သုံး ကတော့ Diversity ခေါ်တဲ့ သင်ယူလိုတဲ့ဘာသာရပ်ခွဲတွေကို မျိုးခွဲတွေကိုသင်ယူနိုင်မှု အခွင့်အလမ်းရှိ ရပါမယ်။ အဲဒီတော့ ချင်းပြည်နယ်ဘက်ကို ကျွန်တော်တို့ ပြန်ပြီး ကြည့်ရအောင်၊ Accessibility ကလေးတွေပညာသင်နိုင်ရဲ့လား၊ မသင်နိုင်ဘူးလား။ ပြန်ပြီး ကြည့်မယ်ဆိုရင်မြို့နယ်အလိုက် ကျွန်တော်ပြောပေးပါ့မယ်။ချင်းပြည်နယ်မှာ ကျွန်တော်တို့ ကလေးမြို့တက္ကသိုလ်ကနေပြန် ကြည့်ရ အောင် Accessibility ရှိ/မရှိ ကျွန်တော်တို့ တက္ကသိုလ် သင်တန်းတွေဟာ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် သုံးနှစ်ဖြစ်တဲ့ အတွက် သုံးနှစ်ရဲ့ ပျမ်းမျှခြင်းရအောင်လို့ (၂၀၀၈-၂၀၀၉)၊ (၂၀၀၉-၂၀၁၀)၊ (၂၀၁၀-၂၀၁၁)စတဲ့သုံးနှစ်အတွင်းမှာ ချင်းပြည်နယ်ရဲ့ တက္ကသိုလ်တွေမှာ ဘယ်လို မြို့နယ်တွေမှာ ဘယ်လောက်တက် ရောက်သလဲ ဆိုတာ သိရအောင်လို့ ကျွန်တော် ရှင်းပြနေခြင်း ဖြစ်ပါတယ်။ ကလေးတက္ကသိုလ်ကို ကြည့်မယ်ဆိုရင် ၂၀၀၈-၂၀၀၉ကနေပြီးတော့ ၂၀၁၀-၂၀၁၁အထိ တက်ရောက်တဲ့ ဟားခါးမြို့ နယ်က ကျောင်းသူ ကျောင်းသားပေါင်း (၄၉၀)ရှိတာကို စစ်ဆေး တွေ့ရပါလိမ့်မယ်။ ဟားခါးမြို့နယ် တစ်ခုတည်း(၄၉၀)ရှိပါတယ်။ တွန်းဇံမြို့နယ်က ကျောင်းသူ ကျောင်းသားပေါင်း (၁၀၆)ယောက် တက်ရောက်လျက်ရှိပါတယ်။ တီးတိန်မြို့နယ်က ကျောင်းသူကျောင်းသားပေါင်း (၄၅၈)ယောက် တက်ရောက်လျက်ရှိပါတယ်။ ထန်တလန်မြို့နယ်က ကျောင်းသူကျောင်းသားပေါင်း(၄၃၉)ယောက် တက်ရောက်လျက်ရှိကြောင်း စိစစ်တွေ့ရှိရ ပါတယ်။ ဖလမ်းမြို့နယ်ကကျောင်းသူ ကျောင်းသား ပေါင်း (၃၇၂)ယောက်၊ တက်ရောက်လျှက် ရှိကြောင်း တွေ့ရှိရပါတယ်။ တစ်နည်းအားဖြင့်

ပြောရင် ချင်းပြည်နယ် မြောက်ပိုင်းကနေပြီးတော့ က လေးတက္ကသိုလ်ကို တက်ရောက်နေတဲ့ ကျောင်းသူ ကျောင်းသား ပေါင်း (၉၆၈)ဦးရှိကြောင်း ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါဟာ တကယ့် အချက်အလက် Data တွေပါ။ ကျောင်းတွေမှာ သွားကြည့်မယ်ဆိုရင်လည်း ဒီတိုင်း တွေ့ရမှာပါ။ တစ်နည်းအားဖြင့် ပြောရင်ချင်းပြည်နယ် မြောက်ပိုင်းရဲ့ Accessibility သည် High Education သည် သူများနည်းတူ ရှိကြောင်းကို စိစစ်တွေ့ရှိရမှာ ဖြစ်ပါတယ်။ ထိုနည်းတူစွာ ကလေးပြီးရင် နောက်တစ်ခုကို ပြန်ကြည့်မယ်ဆိုရင် ပခုက္ကူတက္ကသိုလ်၊ ချင်းပြည်နယ် (တောင်ပိုင်း) အခြေအနေကို ပြန်ကြည့်ရအောင်၊ ချင်းပြည်နယ် (တောင်ပိုင်း) အခြေအနေကို ပြန်ကြည့်မယ်ဆိုရင် ချင်းပြည်နယ် (တောင်ပိုင်း)မှာ ရှိတဲ့မြို့နယ်တွေဖြစ်တဲ့ မတူပီမြို့နယ်၊ မတူပီမြို့နယ်ဟာကျောင်းသူကျောင်းသားပေါင်း (၅၁၆) ယောက် ပခုက္ကူမြို့နယ်ကို တက်ရောက် နေပါတယ်။ ကျွန်တော့်ဆီမှာ ဘာသာရပ် အလိုက်၊ သင်တန်း နှစ်အလိုက်ရှိပါတယ်။ သို့သော် လုံးပေါင်းကိုပဲ ကျွန်တော်ပြောတာက(Idea) လေးရှိအောင်လို့ ပြောခြင်းဖြစ်ပါတယ်။ ထိုနည်း လည်းကောင်း ၊ မင်းတပ် မြို့နယ်က(၁၀၅)ယောက်က ပခုက္ကူမြို့ နယ်မှာ တက်ရောက်လျက်ရှိ ပါတယ်။ ကန်ပက်လက် မြို့နယ်ကို ကြည့်မယ်ဆိုရင်(၄၆)ယောက် တက်ရောက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ပခုက္ကူမြို့ မှာ တက်ရောက်တဲ့ မြို့နယ်တွေက မတူပီမြို့နယ်၊မင်းတပ်မြို့နယ်၊ ကန်ပက်လက်မြို့နယ် စုစုပေါင်းကျောင်းသားပေါင်း(၆၆၇)ယောက် တက်ရောက်လျက်ရှိပါတယ်။ တစ်နည်းအားဖြင့် ကျွန်တော်ပြောတဲ့ Accessibility ခေါ်တဲ့ သင်ယူခွင့် အခွင့်အလမ်းတွေသည် အခြားတိုင်းနှင့်ပြည်နယ်များ နည်းတူအခွင့်အရေးရရှိလျှက် ရှိကြောင်းတင်ပြလိုပါတယ်။ ဒါ Accessibility ပါ။ Accessibility က အခွင့်အလမ်းသင်ယူမှု ။ အခွင့်အလမ်းပြီးရင်Qualityကို သွားရအောင်။ မင်းတို့Quality ရောရှိရဲ့လားကွာ။ ဒါဟာမေးစရာ ဖြစ်လာပြီ။ မင်း တက္ကသိုလ်က Qualityရှိရဲ့လား။ ပခုက္ကူ တက္ကသိုလ်က Qualityရောရှိရဲ့လား။ ရန်ကုန် တက္ကသိုလ်၊ မန္တလေး တက္ကသိုလ်ကြီးတွေလို အဆင့်အတန်း ရှိရဲ့လား။ အဲဒီ Qualityကို မေးစရာမေးခွန်း ဖြစ်လာ ပါတယ်။ အဲ ဒီတော့ Qualityကြည့်ရင် နှစ်ပိုင်းရှိပါတယ်။ သင်ထောက်ကူ ပစ္စည်းများ ထားရှိမှု၊ နောက်တစ်ခုက ကျောင်းသား အဆောက်အဦ၊ နောက်တစ်ခုက ဆရာ၊ ဆရာမများရဲ့ အရည်အသွေး ဤသုံးချက်နဲ့တိုင်းပါတယ်။ ဆရာ ၊ ဆရာမများအရည်အသွေးကိုပဲထမကြည့်ရအောင်။ ခင်ဗျားတို့က ထင်မယ်၊ ကလေးတက္ကသိုလ်မှာ ဆရာ၊ ဆရာ မ အရည်အသွေး ဟာပြည့်မှာ မဟုတ်ပါ ဘူးကွာ။ ရန်ကုန်လို ဖြစ်မယ်မထင်ပါဘူး။ မန္တလေးလို ဖြစ်မယ်မထင်ပါဘူး။ ဒါကိုလည်း ကျွန်တော်ဖြေရှင်း

လို့ရပါတယ်။ ကလေးတက္ကသိုလ်ကို ကြည့်မယ်ဆိုရင် ဆရာ၊ ဆရာမပေါင်း (၁၇၆)ယောက် လက်ရှိခန့် ထားသင်ကြားပေးလျှက်ရှိပါတယ်။ (၁၇၆)ယောက်မှာ (၄၁)ယောက်သည် ပါရဂူဘွဲ့ရ ဆရာများ ဖြစ်ပါတယ်။ အဲဒီ (၄၁)ယောက်ကို ပြန်ပြီး သရုပ်ခွဲကြည့်မယ်ဆိုရင် ပါမောက္ခအဆင့်က (၁၂) ယောက်၊ အေပီအဆင့်က(၁၁)ယောက်၊ လက်ထောက်ပါမောက္ခအဆင့်က (၁၀)ယောက်၊ ကထိက အဆင့်က(၃)ယောက်၊ လက်ထောက် ကထိကအဆင့်က (၁၅)ယောက်၊ သရုပ်ပြ(Tutor) အဆင့်က(၁)ယောက် စုစုပေါင်း (၄၁)ယောက် ပါဝင်ကြောင်း တွေ့ရပါတယ်။ တစ်နည်းအားဖြင့် ဘာသာရပ်အလိုက်မှာ ပါရဂူဘွဲ့အ ရေအတွက်သည် ကျွန်တော်တို့ ပြည်မရော ပြည်နယ်ရော မခွဲခြားဘဲနဲ့ တစ်နည်းအား ဖြင့် ပါရဂူဘွဲ့ရတဲ့ ဆရာတစ်ယောက်သည် အနည်းဆုံး အတန်း(၂၀)၊နှစ်ပေါင်း(၂၀)အသားတင် ကျောင်းသက်ရှိမှ ပါရဂူဘွဲ့ရတာ ဖြစ်ပါတယ်။ ဒါတောင် သူ့လုပ်သက် (၃၀)ရှိမှသာ ပါရဂူဘွဲ့ရတာ ဖြစ်ပါတယ်။ ကျောင်းသက်ဆိုရင် (၁၀)တန်း ဆယ်နှစ်၊ မဟာတန်းက (၄)နှစ်၊ မာစတာ တန်းက (၂)နှစ်၊ ပါရဂူဘွဲ့က (၄)နှစ်၊ ပေါင်းလိုက်လို့ရှိရင် အနှစ်(၂၀) လောက်ရှိပါတယ်။ ဒီအတိုင်းပဲ ဆက်တိုက် သင်နေတဲ့အချိန်ကို ပြောတာပါ။ သူရဲ့စွမ်းအင်ထုတ်တဲ့နှစ်က ပုံမှန်အားဖြင့် စာသင်နှစ် (၂၅)နှစ်၊ နိုင်ငံခြားလည်း ထိုန ည်း လည်းကောင်းပါပဲ။ (၂၅)နှစ် (၂၆)နှစ်လောက်မှာ တစ်ခါ၊ ပါရဂူဘွဲ့ ရပါတယ်။ အဲဒီလို ပါရဂူဘွဲ့ရတဲ့ ဆရာ၊ ဆရာမပေါင်းကတော့ ကလေးတက္ကသိုလ်မှာ(၄၁)ယောက် ရှိပါတယ်။ ဆရာ၊ ဆရာမ ပေါင်း(၁၇၆)ယောက်ရှိပါတယ်။ ဒါဟာ ပညာအရည်အ ချင်းနဲ့ ပြောတာ။ ရာထူး အဆင့်နဲ့ပြောကြရအောင်။ ကလေးတက္ကသိုလ်မှာပါမောက္ခပေါင်း (၁၄) ယောက် ရှိတယ်။ မနည်းပါဘူး၊ ဘာသာရပ် (၁၄) ခုရှိတယ်။ တစ်နည်းအား ဖြင့် ဌာနတိုင်းမှာ ပါမောက္ခ တွေစုနေတာဖြစ်တယ်။ လက်ထောက်ပါမောက္ခ (၁၂) ယောက်ရှိတယ်။ ကထိကက(၂၇) ယောက်ရှိ ပါတယ်။ လက်ထောက်ကထိက(၇၆) ယောက်ရှိပါတယ်။ Tutor ၊ Demonstrator (၄၇)ယောက် ရှိပါတယ်။ အဲဒီတော့ ကျွန်တော် တို့ စုစုပေါင်း (၁၇၆)ယောက်မှာ (၄၁)ယောက် ပါရဂူဘွဲ့၊ တစ်နည်းအားဖြင့် ဘာသာရပ်ကို သူများထက်ပိုပြီး ကျွမ်းကျင်ထားတဲ့ ဆရာ ဆရာမ တွေ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ကလေးမှာ ရှိတဲ့ တက္ကသိုလ်တွေသည် ၊ ပြည်မမှာရှိတဲ့ တက္ကသိုလ် တွေနဲ့ မခြား အရည်အသွေးပြည့် တဲ့ ဆရာ၊ ဆရာမတွေက သင်ကြား လျက်ရှိကြောင်းပြောကြားလိုပါတယ်။အလားတူပဲပခုက္ကူကိုပြန်ကြည့်မယ်ဆိုရင် ပခုက္ကူမှာ ဆရာ၊ ဆရာမပေါင်း(၂၃၅)ယောက်ရှိပါတယ်။ (၂၃၅)ယောက်မှာ ပါမောက္ခအဆင့်က(၁၁)ယောက်၊

လက်ထောက်ပါမောက္ခအဆင့်က(၂၈)ယောက်၊ ကထိက (၃၄)ယောက်၊ လက်ထော က်ကထိက (၉၈)ယောက်၊ tutor ၊ Demonstrator (၆၄)ယောက် ရှိကြောင်း ပြောချင်ပါတယ်။ ပါမောက္ခ အဆင့်(၁၁)ယောက်ထဲမှာ (၆)ယောက်ဟာဆိုရင်ပါရဂူဘွဲ့ရရှိပြီး ဖြစ်ပါတယ်။ လက်ထောက် ပါမောက္ခ(၂၈)ယောက်ထဲမှာ (၂၀)ဟာ ပါရဂူဘွဲ့ရရှိပြီးဖြစ်ပါတယ်။ ပခုက္ကူ မှာ ကထိက (၃၄) ယောက်မှာ (၃)ယောက်ဟာ ပါရဂူဘွဲ့ရရှိပြီးဖြစ်ပါတယ်။ ပခုက္ကူမှာလက်ထောက် ကထိက(၉၈) ယောက်မှာ (၂၀)ဟာ ပါရဂူဘွဲ့ ရရှိပြီးဖြစ်တဲ့အတွက် ပခုက္ကူတက္ကသိုလ်မှာ လည်း(၄၉)ယောက်ဟာ ပါရဂူဘွဲ့ရရှိပြီး ဖြစ်ပါတယ်။ အချိုးအားဖြင့် ကြည့်မယ်ဆိုရင် (၄)ယောက်မှာ(၁) ယောက် လောက်ဟာ ပါရဂူဘွဲ့ရရှိတဲ့ ဆရာတွေက စာသင်ပေးကြောင်းပြောလိုပါတယ်။ တစ်နည်း အားဖြင့်ပြောမယ်ဆိုရင် ချင်းပြည်နယ် ကလေး တွေအတွက် နိုင်ငံတော် အစီအမံနဲ့ ပါရဂူဘွဲ့ ဆရာ၊ဆရာမများ က နေပြီးတော့ အဆင့်မြင့်စွာ ပညာသင်ကြားပေး လျက်ရှိကြောင်း ကျွန်တော် ပြောလိုပါတယ်။ ကျောင်းအဆောက်အဦပိုင်း ကြည့်မယ်ဆိုရင်လည်း ချင်းပြ ည်နယ်၊ ပခုက္ကူ ဒီဂရီကောလိပ်ကို ဟိန်းနေအောင် ဆောက်ထားပါတယ်။ ထိုနည်းလည်းကောင်း ကလေးတက္ကသိုလ် ကိုလည်း အဆင့်မီစွာ ဆောက်လုပ်ထားရှိကြောင်း တင်ပြလိုပါတယ်။ ဒါဟာ အဆော က်အဦနဲ့ ဆရာပိုင်း သင်ကြားရေးပစ္စည်းတွေ Multimedia အခန်းတွေ ပြည့်စုံအောင် ထည့်ထားပါတယ်။ Multimedia အခန်း ၊ ကွန်ပျူတာခန်း Instruction Room၊ Reading Room , Language Lab စတာတွေကိုအဆင့်မီစွာ ထည့်ပြီးတော့အသုံးချ သင်ကြားလျက်ရှိကြောင်း ပြောလို ပါတယ်။ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ဒီတက္ကသိုလ် နှစ်ခုဟာ တခြား ပြည်မ/ ပြည်နယ်မှာရှိတဲ့ တက္ကသိုလ်များနဲ့မခြား Accessibility လည်း အတူတူပဲရှိတယ်။ Quality လည်း အတူတူပင်ရှိကြောင်း ပြောလိုပါတယ်။ နောက်တစ်ခုက Diversity ဆိုတာက ကိုယ်သင် ချင်တဲ့ ဘာသာရပ်ကို သူများ နည်းတူ သင်နိုင်ရဲ့လား၊ သင်ကောသင်ပေးရဲ့လား ။ Diversity ကို ပြန်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ ကလေးရော ပခုက္ကူရော ဘာသာရပ်(၁၂)ခု သင်ပေးလျက် ရှိပါတယ်။ အဲဒီ ဘာသာရပ် (၁၂)ခုကို ပြန်ကြည့်မယ်ဆိုရင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ(ပါဠိ)၊ သိပ္ပံနဲ့ဆိုရင် ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒဘာသာရပ်များကို သင်ကြားပေး လျက်ရှိပါတယ်။ ကျွန်တော် ပိုပြီးတော့ အားတင်းတာက ချင်းပြည်နယ်မှာရှိ တဲ့ မြို့နယ်တွေကလာတဲ့လူတွေထဲမှာ လူဦးရေ အများဆုံး ရာခိုင်နှုန်းအများဆုံး လေ့လာတဲ့ ဘာသာရပ်တွေကတော့ သိပ္ပံဘာသာရပ်တွေဖြစ်တဲ့

ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ ဘာသာရပ်များပဲ ဖြစ်ပါတယ်။ ဒါတွေဟာ ချင်းပြ ပည်နယ် ကလေးတွေ ထဲမှာ တော်တော် Popular ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ချင်းကလေးတွေရဲ့ အကြိုက်ပဲ ဖြစ်ပါတယ်။ ချင်းပြည်နယ်ရဲ့ ရှေ့ရေးဟာ အများကြီး ကောင်းမွန်လျက်ရှိကြောင်း ကျွန်တော်တင်ပြလိုပါတယ်။တနည်းအားဖြင့် ပြောမယ်ဆိုရင် Diversity အနေနဲ့ ပြန်တွက်ကြည့်မယ်ဆိုရင် ဘာ သာရပ် (၁၂)မျိုးကို အခြားတက္ကသိုလ် များနည်းတူ အဆင့်မီစွာ သင်ကြားလျက်ရှိကြောင်း ကျွန်တော် တင်ပြလိုပါတယ်။ အဲ ဒီတော့ ကျွန်တော်ပြောတဲ့အတိုင်းအဆင့်မြင့်ပညာကဏ္ဍမှာ ကလေးများလည်းကောင်း၊ ပခုက္ကူမှာလည်းကောင်း ဖွင့်လှစ်ထားတဲ့ တက္ကသိုလ် (၂)ခုသည် Accessibility ခေါ်တဲ့ သူများနည်းတူ ချင်းပြည်နယ် ကလေးတွေဟာ တက်ရောက်လျက်ရှိပါကြောင်း၊ Quality နဲ့ဆိုရင် Quality ပြည့် ဆရာ၊ ဆရာမများက သင်ထောက်ကူပစ္စည်းတွေ ပံ့ပိုးလျက်ရှိ ပါကြောင်း၊ နောက်တစ်ခုဟာ ဆိုရင် Diversityအနေနဲ့ အများတက္ကသိုလ်များနည်းတူ ဘာသာရပ်ခွဲ (၁၂)ခု၊ ဘာသာရပ်ခွဲလေးတွေ ပြန်ကြည့်မယ်ဆိုရင် အများကြီးရှိပါတယ်။ အဓိကဘာသာရပ် (၁၂)ရပ်ကို သင်ကြားပေးလျက် ရှိပါကြောင်း ကျွန်တော်တင်ပြလိုပါတယ်။ အဲဒီတော့ ကျွန်တော်တင်ပြတာတွေအပြင် ကျွန်တော်တို့ ချင်းပြည်နယ်မှာ အ ကြောင်းကြောင်းကြောင့် တက္ကသိုလ် မတက်နိုင်ဘူး၊ကလေးတက္ကသိုလ်မသွား နိုင်ဘူး၊ ပခုက္ကူတက္ကသိုလ် မသွားနိုင်ဘူး။ ဒါဟာချင်းပြည်နယ်မှာတင်မဟုတ်ပါဘူး။ ရန်ကုန်မှာလည်း ရှိတာပဲ။ မန္တလေးမှာလည်းရှိတာပဲ။ ရန်ကုန်ကိုပြန်စိစစ်မယ်ဆိုရင်လည်း ဒီလိုပါဘဲ။ ရန်ကုန်မှာ တက္ကသိုလ်တွေများပေမယ့်အကုန်တက္ကသိုလ်မတက်ကြဘူး။ တော်တော်များများဟာ University of Distance Education ဆိုတဲ့ အ ဝေးသင် တက္ကသိုလ်ကိုဘဲ တက် ရောက်ကြပါတယ်။ အဝေးသင်မှာလည်း Quality မြင့်အောင်လုပ်ထားပါတယ်။ ICT နည်းပညာတွေကို အသုံးပြု ထားတယ်။ကျွန်တော်ဆိုရင် အ ဝေးသင်ပညာမှာ အခွေတွေ ထုတ်ထားတာ ဘာသာရပ်အလိုက် ပို့ချချက်တွေ၊ တက္ကသိုလ်မှ ပို့ချချက်တွေ၊ အဝေးသင်လာ မှတ်ပုံတင်၊ အခွေတွေကို ကျွန်တော်တို့ အရင်းအတိုင်း ရောင်းပေးလိုက်ပါတယ်။ ဒီကလေးတွေသည် အခွေတွေကို ကိုယ့်ဘာသာကိုယ် လေ့လာမယ်ဆိုရင် တက္ကသိုလ်ကို တိုက်ရိုက် တက်ရောက်တာနဲ့မခြား လေ့လာနိုင်တဲ့ အခွင့်အရေးများ ရရှိမှာဖြစ်ပါတယ်။ ထိုကဲ့သို့ အခွင့်အရေးမျိုးကိုလည်း ချင်းပြည် နယ်က၊ ကလေးတွေ ရယူနိုင်ကြောင်း ကျွန်တော် တင်ပြလိုပါတယ်။ ကျွန်တော် ပြောတဲ့အတိုင်း၊ ကျွန်တော်ရှင်းလင်းတင်ပြတဲ့အတိုင်း၊ ကျွန်တော် ခုခံကာကွယ်ခြင်း မဟုတ်ပါဘူး။ အချက်အလက်

Realityကို တင်ပြခြင်းဖြစ်ပါတယ်။ ချင်းပြည်နယ် ကလေးနဲ့ ချင်းပြည်နယ် ကိုယ်စားပြု ကလေးတက္ကသိုလ်မှလည်းကောင်း၊ ချင်းပြည်နယ် (တောင်ပိုင်း) ကိုယ်စားပြု ပခုက္ကူ တက္ကသိုလ် မှလည်းကောင်း၊ နိုင်ငံတကာက သတ်မှတ်တဲ့ စံနှုန်းများဖြစ်တဲ့Accessibility , Quality , Diversity နှင့် ပြည့်စုံအောင် တက္ကသိုလ်တစ်ခုကို ဖွင့် လှစ်သင်ကြားပေးလျက် ရှိပါကြောင်း တင်ပြလို ပါတယ်။ အထက်ပါ ရှင်းလင်းတင်ပြချက်များကို သိရှိနားလည် သဘောပေါက်ပါက အဆိုတင်ပြ တဲ့ ကိုယ်စားလှယ်တော်ကြီးအနေဖြင့် အဆိုတင်ပြချက်အား ပြန်လည် ရုပ်သိမ်းပေးပါရန် မေတ္တာရပ်ခံတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်။ ၁၁း၄၉။**

**ဥက္ကဋ္ဌ။** ။ ဦးပေါ်လျံလွင်ရဲ့အဆိုကိုပညာရေးဝန်ကြီးဌာနဝန်ကြီးက ရှင်းလင်း တင်ပြပြီးတဲ့အခါမှာ ပြန်လည်ရုပ်သိမ်းပေးဖို့ မေတ္တာရပ်ခံသွားပါတယ်။ ဒါကြောင့် အဆိုရှင် ဦးပေါ်လျံလွင်က အဆိုကို ရုပ်သိမ်းလိုခြင်း ရှိ /မရှိနဲ့ အခြားဆွေးနွေးရန်ရှိ က ဆွေးနွေးနိုင်ပါ တယ်။

**အချိန်။ ၁၁း၅၀ ။**

**ဦးပေါ်လျံလွင်။** ။ လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များနဲ့ လေ့လာနားထောင်သည့်တော်ကြီးများခင်ဗျား ကျွန်တော့်ရဲ့အဆိုကို ပညာရေးဝန်ကြီးဌာနအနေနဲ့ စိတ်ရှည်၊ လက်ရှည် ကျွန်တော်မေးတာထက် စုံလင် အောင် ဖြေကြားပေးသွားတဲ့အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း နဲ့ မနေ့ကပဲ ဖြစ်ဖြစ်၊ ဒီကနေ့ပဲ ဖြစ်ဖြစ် သက်ဆိုင်ရာ ဝန်ကြီးဌာန အသီးသီးတွေကလည်း စိတ်ရှည်လက် ရှည်နဲ့ ကျွန်တော်တို့ရဲ့ မသိတာ၊မရှင်းတာတွေကို ရှင်းလင်းပြသတဲ့အတွက် ကျေးဇူးတင်ရှိပါကြောင်း ပထမဦးစွာ ဖေါ်ပြ လိုပါတယ်။ ကျွန်တော်ရဲ့ အဆိုကို ပြန်လည်ရုပ်သိမ်းဖို့ဆိုရာမှာ ကျွ န်တော် တစ်ခု ဥက္ကဋ္ဌကြီးဆီမှာ တောင်းပန်ချင်တာက ကျွန်တော် ဟာ အမျိုးသားလွှတ်တော်ဆိုင်ရာ အဆိုပြန်လည် ရုပ်သိမ်းခြင်း ဆိုတဲ့နေရာမှာ သက်ဆို င်ရာဝန်ကြီးဌာနတွေရဲ့ အဆို ဖြေရှင်းတဲ့အချိန်မှာ အဆိုပြန်ရုပ်သိမ်း ဖို့ဆိုတဲ့ အပိုဒ်ကို ကျွန်တော်မတွေ့မိပါဘူး။ ကျွန်တော် မှားယွင်းရင်လည်း ခွင့်လွှတ်ပါ။ အဲဒီတော့ လူကြီးတွေနဲ့ ဝန်ကြီးတွေက ကျွန်တော်တို့ အဲဒီလိုအကြောင်းအ မျိုးမျိုးနဲ့ ဖြေရှင်းဆွေးနွေးပြီးတဲ့ နောက်ပိုင်းမှာ အခုပြန်လည်ရုပ်သိမ်းပါလို့ ပြောတဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ ဆွေးနွေးတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ စိတ်ထဲမှာ ဆုံးဖြတ်ရခက်ပါတယ်။ ဒီပြန်လည်ရုပ်သိမ်းဖို့ဆိုတဲ့

ကိစ္စကို ဥက္ကဋ္ဌကြီး ကိုယ်တိုင်ကသာလျှင် ဆုံးဖြတ်ဖို့ တာ ဝန်ရှိတယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒါ ကျွန်တော်တို့ ဒီဥစ္စာဟာပြန်လည် ရုပ်သိမ်းဖို့ကိစ္စကို နဂို ဆုံးဖြတ်ထားတဲ့အတိုင်း အမျိုးသား လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူခြင်းဆိုတဲ့ Agenda မှာ ပါရှိတဲ့အတိုင်းပဲ ကျွန်တော်တို့ ဥက္ကဋ္ဌကြီး အနေနဲ့ ခွင့်ပြုပါက ကျွန်တော့်အဆိုကို တိုက်ရိုက် ရုပ်သိမ်းခြင်းမပြုဘဲ လွှတ်တော်ရဲ့ အဆုံး အဖြတ်ကို ခံယူပါရန် ဥက္ကဋ္ဌကြီးကို ကျွန်တော် လေးစားစွာ တောင်းပန်အပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၁း၅၁ ။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်က ၄င်းတင်သွင်းထားတဲ့အဆိုကို ပြန်လည်ရုပ် သိမ်း လိုခြင်းမရှိကြောင်း တင်ပြတဲ့အတွ က် ချင်းပြည်နယ်၏ ပြည်နယ်မြို့တော် ဖြစ်သော ဟားခါးမြို့ တွင် ကောလိပ်ကျောင်းဖွင့်လှစ်ပေးပါရန် အဆိုကို အတည်ပြုရန် သဘောတူ၊ မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူပါမယ်။ စောစောက စက်ခလုတ်အသုံးပြုပြီး ဆန္ဒမဲပေးတဲ့ နည်းအတိုင်း ဆောင်ရွက်မှာဖြစ်ပါတယ်။ ဦးပေါ်လျှံလွင် တင်သွင်းတဲ့ ချင်းပြည်နယ်၏ ပြည်နယ်မြို့တော် ဖြစ်သော ဟားခါးမြို့တွင် ကောလိပ်ကျောင်း ဖွင့်လှစ်ပေးပါရန်အဆိုကို အတည်ပြုရန် သဘော တူလျှင် အစိမ်းရောင်ခလုတ်၊ အဆိုကိုအတည်ပြုရန် သဘောမတူလျှင် အနီရောင် ခလုတ်နှင့် ကြားနေရင်အဝါရောင်ခလုတ်ကိုနှိပ်ဖို့ဖြစ်ပါတယ်။ယခုလွှတ်တော်ရဲ့ ဆန္ဒရယူပါ မယ်။ ဆန္ဒမဲပေး ကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ပါပြီ။

အဆိုကို အတည်ပြုရန် ထောက်ခံမဲ (၁၃)မဲ၊ ကန့်ကွက် မဲ(၁၉၀)မဲ၊ ကြားနေ မဲ (၁၀)မဲ ဖြစ်တဲ့အတွက် အဆိုကို လွှတ်တော်က အတည်ပြုရန် သဘောမတူကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ ဂန့်ဂေါမြို့နှင့် ရေဇွာမြို့အကြား ကားလမ်းအား ဆယ့်နှစ်ရာသီသွားနိုင်အောင် ပြုပြင်ပေးပါရန်နှင့် အရှေ့ဂန့်ဂေါနှင့် အနောက် ဂန့်ဂေါကြားရှိ ကြိုးတံတားအား ကားသွားနိုင်သော တံတားအဖြစ် တည်ဆောက်ပေးပါရန်အဆိုကိုလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊** ၁၁း၅၂။

**ဥက္ကဋ္ဌ။** ။ အဆိုများကိုပြန်လည်ရှင်းလင်းခြင်းနှင့်လွှတ်တော်ရဲ့သဘောထား ရယူခြင်း အစီအစဉ်ပြီးတဲ့နောက်မှာ ဆက်လက်ပြီးတော့ အဆိုများကို ဆွေးနွေးခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဦးပေါ်လျှံလွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)၏ ဂန့်ဂေါမြို့နှင့် ရေဇွာမြို့အကြားကားလမ်းအား၊ ဆယ့်နှစ်ရာသီသွားနိုင်အောင်ပြုပြင်ပေးပါရန်နှင့်အရှေ့ဂန့်ဂေါ နှင့် အနောက်ဂန့်ဂေါကြားရှိကြိုးတံတားအား ကားသွားနိုင်သော တံတားအဖြစ် တည်ဆောက် ပေးပါရန်အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်းဖြစ်ပါတယ်။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊** ၁၁း၅၃။

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ကြွရောက် လာကြသော ဧည့်ပရိတ်သတ်အပေါင်းတို့အား မင်္ဂလာ အပေါင်း ခညောင်းပါစေလို့ နှုတ်ခွန်း ဆက်သမေတ္တာများပို့သအပ်ပါတယ်။ကျွန်မကတော့ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ မြောက်ဥက္ကလာပမြို့နယ်၊ မြောက်ဒဂုံမြို့နယ်၊ အရှေ့ ဒဂုံမြို့နယ်တို့မှ တက်ရောက်လာသော အမျိုးသားဒီမိုကရေစီအင်အားစုမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ခင်ဝိုင်းကြည် ဖြစ်ပါ တယ်။ ကျွန်မကတကယ်တော့ ချင်းတောင်တန်းကိုရောက်ဖူးတာ၊ ချင်း ပြည်နယ်ကိုရောက်ဖူးတာ မဟုတ်ပါဘူး၊ ဒါပေမယ့် ကျွန်မတို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၇ မှာ နိုင်ငံသားတိုင်းသည်ပြည်ထောင်စုစိတ်ဓါတ်ကို အ ခြေခံ၍ တိုင်းရင်းသားလူမျိုး အချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာရေးအတွက် ဆောင်ရွက်ရန် တာဝန်ရှိသည်ဟူသော ဥပဒေ၏ အနှစ်သာရအရ ချင်းပြည်နယ်သို့ မရောက်ဖူး

သော်လည်း၊ ချင်းအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင်ရဲ့ ဒေသအကျိုးပြုလုပ်ငန်း ဖြစ်တဲ့ အဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။ အခုကျွန်မ လေ့လာ လို့ရသလောက် ချင်းပြည်နယ်ဟာ ဆိုလို့ရှိရင် တိုင်းနှင့်ပြည်နယ်ထဲမှာ ဒေသဖွံ့ဖြိုး မှု နှောင့်နှေးကြန့်ကြာနေတဲ့ ပြည်နယ်တစ်ခုဖြစ်တယ်လို့တွေ့ရပါတယ်။ ချင်းပြည်နယ်ဟာ ခရိုင် (၂)ခရိုင်နဲ့ မြို့နယ် (၉)မြို့နယ်၊ မြို့နယ်ခွဲ (၃)ခုနဲ့ တည်ရှိတဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ အဲဒီမှာ အ ခြေအနေဟာ ဘယ်လိုဖြစ်နေ သလဲဆိုရင် သဘာ ဝသယံဇာတရှားပါးမှု၊ ပထ ဝီမြေအနေအထားခက်ခဲမှု၊ ပတ် ဝန်းကျင်ဒေသနဲ့ အဆက်အသွယ် မလွယ်ကူမှုတွေကြောင့် ချင်းပြည်နယ်ဟာ အစစအရာရာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့မှာအခြားတိုင်းနဲ့ ပြည်နယ် တွေနဲ့ မတူဘဲနဲ့ နှောင့်နှေးကြန့်ကြာ နေတယ်ဆိုတာ ဆင်ခြင်သုံးသပ် လို့ရပါတယ်။ လေ့လာလို့ ရပါတယ်။ အခုဒီ ဦးပေါ်လျှံလွင်ရဲ့ ဂန့်ဂေါမြို့နဲ့ ရေဇွာမြို့အကြား ကားလမ်း ဟာ ဆယ့်နှစ်ရာသီ သွားလာနိုင်အောင် ပြုပြင်ပေးခြင်းဖြင့် သူတို့ဒေသရဲ့တိုးတက်ရာတိုးတက်ကြောင်း အထောက်အကူ ပြုမယ်လို့ ဒါသူတို့ ယုံကြည်တဲ့အတွက် တင်သွင်းတာ ဖြစ်ပါတယ်။ သူတို့ဒေသရဲ့လူနေမှု အဆင့်အတန်းမြင့်မားရေး၊ စောစောက ပြောခဲ့တဲ့အတိုင်း မင်းတပ်၊ မတူပီတို့ ကန်ပ က်လက် တို့ကလည်း အခြားကို ကျောင်း သွားတက်ရတာတွေ ရှိပါတယ်။ အဲဒီ အခါကျတော့ သူတို့ရေဇွာ နဲ့ ဂန့်ဂေါကိုသွားတဲ့ ကားလမ်း အကြောင်းကို မေးကြည့်တဲ့အခါ (၁၉၆၀)ခုနှစ်လောက်ကတော့ သူတို့ပြည်သူလူထုတွေက ကိုယ်ထူကိုယ်ထနဲ့ လမ်းခပ်ကျဉ်းကျဉ်းပဲ (၆)ပေလောက်တော့ သူတို့က ဖောက်ခဲ့တာ။ အားလုံးပေါင်း မိုင် (၁၀၀)ကျော်၊ (၁၀၅)မိုင် ရှိမယ်လို့ ခန့်မှန်းပါတယ်။ နောက်ပိုင်း( ၁၉၆၀ နဲ့ ၁၉၇၀ ) ရဲ့ကြားမှာ နှစ်အတိအကျ မသိ ပေမယ့် တပ်မတော်ကနေပြီး ဦးဆောင်ပေးတဲ့အခါ အဲဒီလမ်းကို (၁၀) မိုင် လောက်အထိတော့ အင်မတန် ခက်ခဲတဲ့ ကျောက်တောင်ကို ညှိပြီးတဲ့အခါကျတော့ နဲနဲလမ်းကို ပြုပြင်ခဲ့တယ်လို့ ပြောပါတယ်။ ဒါပေမယ့် အခုနောက်ပိုင်းမှာလည်းတစ်နှစ်ကို လေးလလောက်ပဲ ဒီလမ်းကိုသွားလို့ရပြီးတော့ ကျန်တဲ့(၈) လ လောက်ကတော့ တော်တော်လေး အခက်အခဲဖြစ်ပြီး တစ်ဖက်နဲ့တစ်ဖက် အဆက်အသွယ်မရဘဲနဲ့ ဆားလိုကုန်မျိုးစာအစ အခက်အခဲရှိနေပြီး တော်တော်လေးကို ခက်ခက်ခဲခဲနဲ့ရင်းနှီး ဝယ်ယူ သုံးစွဲတဲ့သဘောရှိတယ်လို့ သိရပါတယ်။ အဲဒီအခါကျတော့ ခုလောလောဆယ် မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး စတင်တည်ထောင်နေတဲ့ အချိန်မှာ ကျွန်မတို့ဟာ တိုင်း ရင်းသား အချင်းချင်းတစ်နယ်နဲ့တစ်နယ် ကူး လူးဆက်ဆံဖို့၊ တန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်ဖို့ အားလုံးကို

အလေးအနက်ထားပြီး ဒီလမ်းကို ဘဏ္ဍာငွေအခက်အခဲတွေလည်းရှိတဲ့အတွက် ချပေးတဲ့ ဘဏ္ဍာငွေစာရင်း အခြေအနေအရအခြားသော အခြေအနေအရပ်ရပ်အရ ညှိနှိုင်းပြီးတော့ လိုအပ်သလို နိုင်ငံတော်က ဂရုဏာနဲ့ ဆောင်ရွက် ပေးသင့်တယ်လို့ ကျွန်မက ထင်ပါတယ်။

အဲဒီတော့ ကျွန်မတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအ ခြေခံဥပဒေအပိုဒ် ၂၂ (ဂ) အရ နိုင်ငံတော်သည် တိုးတက်ဖွံ့ဖြိုးမှုနည်းပါးလျက်ရှိသော တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်မှု စသည်တို့ ပါဝင်ပြီးတော့ လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် ကူညီဆောင်ရွက်မည် ဟူသော ဥပဒေသတ်မှ တ်ချက်နှင့်အညီဆိုတော့ အဲလို ပါဝင်ဆောင်ရွက်မည်လို့ ပြောတဲ့အတွက်ကြောင့် ဒီလိုဖွံ့ဖြိုးမှု အင်မတန် နှောင့်နှေးကြန့်ကြာနေသော ချင်းပြည်နယ်လို နေရာမျိုးက လမ်းလေးတွေကိုတော့ တကယ်လိုမျိုး ဖွံ့ဖြိုးမှု တိုးတက်လာစေရေးနဲ့အဲဒီဒေသရဲ့ အစစအရာရာ အဆင်ပြေချောမွေ့စေရေးအတွ က် နိုင်ငံတော်က စဥ်းစားပြီး ဆောင်ရွက်သင့်တယ်လို့ ကျွန်မ အဆိုပြုပြီး ထောက်ခံပါတယ်။

နောက်တစ်ခုက မကွေးတိုင်းနဲ့ ချင်းပြည်နယ်ကြားမှာ တည်ရှိတဲ့ အရှေ့ဂန့်ဂေါနဲ့ အနောက်ဂန့်ဂေါကို ကြိုးတံတားဆောက်ပေးဖို့ အဆိုပြု ထားတာ ဖြစ်ပါတယ်။ တကယ်ဆိုလို့ရှိရင် မကွေးတိုင်းနဲ့ ချင်းပြည်နယ် ကြားမှာရှိတဲ့ တံတားဖြစ်ပါတယ်။ အဲဒီတံတားက အခုအချိန်မှာ သွားဖို့လာဖို့ အခက်အခဲရှိတဲ့အတွက် ကားသွား ဖို့လာဖို့အတွက် တစ်နယ်နဲ့တစ်နယ် သွားဖို့လာဖို့အတွက် အခက်အခဲရှိတဲ့အတွက် အဲဒီဟာကိုလည်းသူတို့ဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက် သွားရေး လာရေးအဆင်ပြေစေဖို့အတွက် စီစဥ်ဆောင်ရွက် ပေးပါလို့ အဆိုပြု ထားတာ ဖြစ်ပါတယ်။ အဲဒီတော့ ပထမပိုင်းက ကျွန်မ အဆိုပြုခဲ့သလို နိုင်ငံသားတိုင်းသည် ပြည်ထောင်စုစိတ်ဓါတ်ကိုအခြေခံ၍တိုင်းရင်းသားလူမျိုးအချင်းချင်းစည်းလုံးညီညွတ်ရေး၊ ပြည်သူတစ်ရပ်လုံးအေးချမ်းသာယာရေးဆိုတာ အားလုံးဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ကျွန်မဒီအဆိုကို ထောက်ခံသင့်တယ်လို့ယုံကြည်တဲ့ အတွက်ကြောင့် ဦးပေါ်လျှံလွင်ရဲ့ ရေဇွာနဲ့ဂန့်ဂေါကြားက ကားလမ်းဆယ့်နှစ်ရာသီ သွားနိုင်ရန် ပြုပြင်ပေးနိုင်ပါရန်နှင့် အရှေ့ဂန့်ဂေါနှင့် အနောက်ဂန့်ဂေါကြား ကြိုးတံတားအား ကားသွားနိုင်သော တံတားအဖြစ် တည်ဆောက်ပေးပါရန်အဆိုကို ကျွန်မ ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၉)မှ ဦးသော်ဇင်ဦးဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၆။**

**ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ကိုယ်စားလှယ် ဦးသော်ဇင်ဦးဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ဦးပေါ်လျှံလွင် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)ရဲ့ ဂန့်ဂေါမြို့နဲ့ ရေစကြိုမြို့အကြား ကားလမ်းအား ဆယ့်နှစ်ရာသီသွား လာနိုင်အောင် ပြုပြင်ပေးပါရန်နှင့် အရှေ့ဂန့်ဂေါနှင့် အနောက်ဂန့်ဂေါကြားရှိ ကြိုးတံတားအား ကားသွားနိုင်သော တံတားအဖြစ် တည်ဆောက်ပေးပါရန် အဆိုနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးတင်ပြပါမယ်။ တကယ်တော့ အရှေ့ဂန့်ဂေါနှင့် အနောက်ဂန့်ဂေါကြား မြစ်သာမြစ်ကို ဖြတ်ပြီး ဆောက်လုပ်ထားတဲ့ ကြိုးတံတားဟာ မကွေးတိုင်းဒေသကြီးဂန့်ဂေါမြို့နဲ့ ချင်းပြည်နယ် ရေစကြိုမြို့ လမ်းအရှည်(၁၀၅)မိုင်ပေါ်မှာရှိတဲ့ ကြိုးတံတားဖြစ်ပြီး ဆိုင်ကယ်နဲ့လူသွားလမ်း ကြိုးတံတားဖြစ်ပါတယ်။ ချင်းပြည်နယ်ရေစကြိုမြို့၊ဂန့်ဂေါ၊ထီးလင်း၊ကျောက်ထု၊ပေါက်၊ ပခုက္ကူ မန္တလေးမြို့များသို့ သွားရောက်နိုင်တဲ့ တံခါး တစ်ပေါက် ဖြစ်တဲ့အတွက် ဒေသတွင်း အရေးပါတဲ့ တံတားတစ်ခုဖြစ်ပါတယ်။ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတော်ဘဏ္ဍာငွေခွင့်ပြုချက်နဲ့ ဆောက်လုပ်ပေးသင့်ပါတယ်။ ဒါပေမယ့် ၄င်းကြိုးတံတားနဲ့ သုံးမိုင်အကွာမှာ ဂန့်ဂေါနဲ့ ဟားခါးမြို့၊ ကလေး၊ တမူးမြို့များသို့ ဆက်သွယ်ထားတဲ့ကားလမ်း ပေါ်မှာ မြစ်သာမြစ်ကူးတံတားတစ်ခု ဆောက်လုပ်ပြီးဖြစ်ခြင်း၊ယခုအခါပြီးခဲ့တဲ့ ၂၀၁၀၊ အောက်တိုဘာလ အတွင်း တိုက်ခိုက်ခဲ့တဲ့ မုန်တိုင်းဒဏ်ကြောင့် ဂန့်ဂေါ၊ ထီးလင်း၊ ကျောက်ထု ၊ ပေါက်၊ ပခုက္ကူ ကားလမ်းပေါ်ရှိ ပေါက်မြို့အနီးယောချောင်းကိုဖြတ်ပြီး၊ ဖောက်လုပ်ထားတဲ့ အုန်းတောတံတားနဲ့ရေပြာတံတားတို့ဟာ ချောင်းရေနဲ့ မျောပါပျက်စီးသွားတဲ့အတွက် ဒီ တံတားနှစ်ခုပြုပြင်ခြင်းဟာလည်း လောလောဆယ် အရေးတကြီးပြုပြင် ဆောက်လုပ်ပေးရမယ့်တံတားနှစ်ခု ဖြစ်နေပါတယ်။ အထက်ပါ တံတားနှစ်ခု အမြန်ဆုံး မပြုပြင်နိုင်ပါက လာမယ့် မိုးတွင်းကာလအတွင်း ချင်းပြည်နယ် ကန်ပက်လက်၊ မင်းတပ်၊ မတူပီ၊ ဟားခါးမြို့ များနဲ့ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ ဆယ်သွယ်မှုများ ပြတ်တောက်သွားနိုင်ခြင်းစတဲ့ အချက်တို့ကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ အထက်ပါ တံတား

နှစ်ခုအား အမြန်ဆုံး ပြုပြင်ပေးခြင်းအားဖြင့် ချင်းပြည်နယ် ကန်ပက်လက်၊ မင်းတပ်၊ မတူပီ၊ ဟားခါးမြို့ များအပြင် ဆော၊ ကျောက်ထု ၊ ဂန့်ဂေါ၊ ပေါက်ဒေသများ ပါ အသုံးပြုနိုင်မှာ ဖြစ်ပြီး၊ ဂန့်ဂေါကြိုးတံတား ပြုလုပ်ပေးခြင်းအားဖြင့် ရေစကြိုမြို့နယ်ခွဲတစ်ခုတည်းသာ အကျိုးပြုမှာဖြစ်တဲ့အတွက် မြစ်သာ မြစ်ကူးကြိုးတံတားအား ကားကူးတံတားအဖြစ် နိုင်ငံတော် ဘတ်ဂျက်အခြေအနေအရ နောင်အခါ တွင်သာ ဆောင်ရွက်သင့် ပါကြောင်းနှင့် နောင်ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေးတွင်သာ အဆိုတင်သွင်းသင့်သည့်အတွက် ဦးပေါ်လျှံလွင်၏ အဆိုအားကန့်ကွက်ပါကြောင်းနှင့် ပြန်လည်ရုပ်သိမ်းသင့်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။

## ဦးပေါ်လျှံလွင်၊ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ ပလက်ဝနှင့် မတူပီမြို့ကို ဆက်သွယ်သော မော်တော်ကားလမ်းအား အမြန်တည်ဆောက်ပေးပါရန် အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး တဲ့အခါမှာ မိမိက ထောက်ခံမှာလား၊ ကန့်ကွက်မှာလား ဦးစွာတင်ပြဖို့ မနေ့က သတိပေးထားတာဖြစ်ပါတယ်။ ဒါကိုလိုက်နာဆောင်ရွက်သွားကြဖို့ ထပ်ပြီးတော့ သတိပေးပါတယ်။ အခုဆက်လက်ပြီးတော့ ဦးပေါ်လျှံလွင်၊ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ ပလက်ဝနှင့် မတူပီမြို့ကို ဆက်သွယ်သော မော်တော်ကားလမ်းအား အမြန်တည်ဆောက်ပေးပါရန် အဆိုကို ဆွေးနွေးဖို့ လွှတ်တော် ကိုယ်စားလှယ်နှစ်ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၉။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက်လာကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် တက်ရောက်လာကြတဲ့ဝန်ကြီးများ ဧည့်သည်တော်များ အားလုံးကို အထူး ပဲ ရိုသေလေးစားပါတယ်။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအုန်းတင်ဖြစ်ပါတယ်။

ကျွန်တော်အခု ပြောပြမယ့်ကိစ္စကတော့ ချ င်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် အဆိုပြုထားတဲ့ ပလက် ဝမြို့နှင့် မတူ ပီမြို့သို့ ဆက်သွယ်သော မော်တော်ကားလမ်းအား အမြန်တည်ဆောက်ပေးပါရန် အဆိုကို ထောက်ခံ တင်ပြသွားမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်ဟာ ကျွန်တော်တို့ ရခိုင်ပြည်နယ်နဲ့ တစ်ဆက်တစ်စပ်တည်း တည်ရှိပါတယ်။ ဒီပြည်နယ် (၂)ခုဟာ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ် (၁၄)ခုအနက်မှ ဖွံ့ဖြိုးမှု အနည်းဆုံးသော ပြည်နယ်(၂)ခုဆိုရင် မှန် ပါတယ်။ ဘာဖြစ်လို့ ဖွံ့ဖြိုးမှု နည်းရသလဲ စဉ်းစားကြ ည့်တဲ့အခါမှာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် ဖြစ်ပါတယ်။ အခု ဦးပေါ်လျှံလွင်တင်ပြထားတဲ့ ပလက်ဝမြို့နဲ့ မတူပီမြို့ ၊ ပလက် ဝ မြို့ဆိုတာ အရင်တုံးက ရခိုင်ပြည် နယ်မှာပဲ ထားပါတယ်။ ဘာဖြစ်လို့လည်းဆိုရင် ရခိုင်ပြည်နယ်နဲ့ သွားရလာရတာ လွယ်ကူလို့ပါ။ သို့သော်လည်း အုပ်ချုပ်ရေးစနစ်တွေ ပြောင်းလာတဲ့အခါကျတော့ ချင်းလူမျိုးတွေရဲ့ သဘောဆန္ဒအရ ဒါ ချင်းပြည်နယ်ထဲမှာ ထားခဲ့တာပါ။ ဒီဟာ ဘာဖြစ်လို့ ဒီလိုဖြစ်ရသလဲဆိုရင် ပလက်ဝမြို့ဟာ ချင်းပြည်နယ်ထဲမှာရှိရဲ့သားနဲ့ ချင်းပြည်နယ်ထဲမှာ မဆက်သွယ်ဘဲနဲ့ မတူပီမြို့နဲ့ မဆက်သွယ် ရဘဲနဲ့ စစ်တွေ၊ ကျောက်တော် တွေနဲ့ ဆက်သွယ်ရတာ ဘာပြုလို့လဲဆိုတော့ သွားရေးလာရေး လွယ်ကူမှုကို အထောက်အကူပြု ထားတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ တကယ်လို့သာ ပလက်ဝမြို့ဟာ မတူပီမြို့နဲ့ ကားလမ်းသွားနိုင်မယ်ဆိုလို့ရှိရင်တော့ ဒီကိစ္စတွေဟာ ပေါ်လာခဲ့စရာ အကြောင်းလည်းမရှိပါဘူး။ နောက် တစ်ခုက ပလက် ဝမြို့ကို ရခိုင်ပြည်နယ် စစ်တွေမြို့၊ ကျောက်တော်မြို့ကတစ်ဆင့် ကုလားတန် မြစ်ကြောင်းနဲ့နေပြီးတော့ ရေကြောင်း ဆက်သွယ်လို့ ရပါတယ်။ ပလက်ဝမြို့နဲ့ မတူပီမြို့ကြားမှာ ကားလမ်းဆက်သွယ်လို့ရမယ် ဆိုလို့ရှိရင် ပလက်ဝသားတွေဟာ ချင်းပြည်နယ် တစ်ခုလုံးမှာရှိတဲ့ မြို့နယ်ပေါင်းစုံ အားလုံးနဲ့ ဆက်သွယ်လို့ ရနိုင်တဲ့အပြင် စစ်ကိုင်းတိုင်း၊ မကွေးတိုင်း တို့နဲ့ ဆက်သွယ်လို့ ရနိုင်တယ်။ အခုဆိုရင် ရခိုင်ပြည်နယ်၊စစ်တွေမြို့မှာ ရေ နက်ဆိပ်ကမ်း တည်ဆောက်မှာ ဖြစ်တဲ့အတွက် ကြောင့် စစ်တွေမြို့မှာရေနက်ဆိပ်ကမ်းရဲ့ တိုးတက်မှု တွေကလည်း ချင်းပြည်နယ်ထဲ ကို ဆက်သွယ်လို့ ရရှိနိုင်တဲ့အကြောင်းတွေရှိပါတယ်။ရခိုင်ပြည်နယ်၊ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း အစရှိသဖြင့် ကားလမ်းတွေ ဖောက်လိုက်ခြင်းအားဖြင့် ဒီလေးပြည်နယ် တို င်း တစ်တိုင်း နဲ့ ပြည်နယ်နှစ်ခုဟာဆိုလို့ရှိရင် တစ်စိတ်တစ်ဝမ်းထဲဖြစ်လာပြီးတော့ ကုန်စည် ကူးသန်း ရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်လာနိုင်စရာအကြောင်းလည်း ရှိပါတယ်။ ဒါကြောင့် ဦးပေါ်လျှံလွင် တင်ပြထားတဲ့

ပလက်ဝမြို့နှင့် မတူပီမြို့နှစ်ခုကို ကားလမ်းဖေါက်ပြီး ဆက်သွယ်တဲ့ ကိစ္စဟာ အင်မတန် အရေးကြီးတဲ့ ကိစ္စဖြစ်တဲ့အတွက်ကြောင့် သူရဲ့အဆိုကို ကျွန်တော်ထောက်ခံ တင်ပြကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၂း၀၃။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန် ဆွေးနွေးနိုင်ပါတယ်။

**အချိန်၊ ၁၂း၀၄။**

**ဦးဆလိုင်းခွဲယန် ၊ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)။** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ် တော်ကြီးများ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)ရဲ့ ပလက် ဝ မတူပီကားလမ်း ဆော လျင်စွာ တည်ဆောက် ပေးရေးနဲ့ စပ်လျဥ်းလို့ ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဦးပေါ်လျှံလွင်ကို ဦးစွာပန်ကြား လိုပါတယ်။ ကျွန်တော်ဟာ ပလက် ဝ၊ မတူပီအကြားမှာရှိတဲ့ ဒေသခံကိုယ်စားလှယ်တစ်ဦး ဖြစ်တဲ့ အတွက်ကြောင့် ဒီအဆို တွေကို တင်သွင်း မယ်ဆိုရင် ကျွန်တော်တို့လည်း ညှိနှိုင်းဆောင်ရွက်ဖို့ သင့်ပါတယ်ဆိုတာ ဦးစွာ ပန်ကြားလိုပါတယ်။ ကျွန်တော့်ရဲ့ ဒေသခံ ကျွန်တော့်ရဲ့ ဒေသဖြစ်တဲ့ အတွက်ကြောင့် ဒီအဆိုနဲ့ပတ်သက်လို့ ဆွေးနွေးတင်ပြရခြင်း ဖြစ်ပါတယ်။ ဒီဒေသရဲ့ အခြေအနေ အကြောင်းအရင်းကိုလည်း ကျွန်တော်က ပို မိုသိကျွမ်းရင်းနှီး အတူမျှဝေခံစား နေရတဲ့အတွက် ကြောင့် တင်ပြရခြင်းဖြစ်ပါတယ်။ နိုင်ငံတော်ဟာ ခေ တ်မီဖွံ့ဖြိုးတိုးတက်တဲ့ စနစ်ကြီး ကို ဦးတည် နေတဲ့အချိန်မှာ ဒေသအသီးသီးဟာ ဖွံ့ဖြိုးတိုးတက်မှုကို စောင့်ဆိုင်းနေကြပါတယ်။ပလက်ဝမြို့နယ် မှာရှိတဲ့ ပြည်သူများ မတူပီမြို့နယ်မှာရှိတဲ့ ပြည်သူများ အနေနဲ့ လည်း ဒေသန္တရဖွံ့ဖြိုးတိုးတက်မှု လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု အတွက် ကို မျှော်လင့် စောင့်စားနေကြတာ ဖြစ်ပါတယ်။ ယခုအချိန်မှာဆိုရင် ပလက် ဝမြို့နယ်ဟာ ချင်းပြည်နယ်ရဲ့ မြို့နယ်တစ်ခု ဖြစ်ပါတယ်။ သို့သော်လည်းပဲ ချင်းပြည်နယ်ရဲ့ မြို့တော် ဟားခါးကို သွားရမယ် ဆိုရင် ရခိုင်ပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ တစ် ခါ မကွေးတိုင်းကို ပြန် ဝင်ပြီးမှ တိုင်း (၅)တိုင်း ဖြတ်ပြီးမှ ဟားခါးမြို့ကို ရောက်ရှိတာ ဖြစ်ပါတယ်။ ထို့ပြင် မင်းတပ်ခရိုင်ရဲ့ မြို့နယ်တစ်ခုဖြစ်တဲ့ အတွက်ကြောင့် မင်းတပ်ခရိုင်နဲ့ အဆက်အသွယ်ရှိရမှာ ဖြစ်ပါတယ်။ သို့သော်လည်း ခရိုင် မြို့နဲ့

အဆက်အသွယ် မရနိုင်ဘဲနဲ့ စောစော ကလိုပဲ ပြည်မကို ပတ်ပြီးတော့မှ ဆက်သွယ်ဝင်ရတာ ဖြစ်ပါတယ်။ အဲဒါကြောင့် နိုင်ငံတော်မှာ မလို အပ်ဘဲနဲ့ ခရီးစရိတ် များစွာ ကုန်ကျတာတွေလည်း တွေ့ရှိရပါတယ်။ အဲဒါ ကြောင့် ဒီ ပလက် ဝမြို့ရဲ့ အ ခြေအနေကိုကြည့်မယ်ဆိုရင် လမ်းပန်း ဆက်သွယ်ရေးဟာ ခက်ခဲ တယ်ဆိုတာ ကျွန်တော်တို့ အားလုံးသိရှိ နိုင်ပါတယ်။ အဲ ဒီတော့ ပလက်ဝမြို့နဲ့ ချင်းပြည်နယ်အသီးသီး မှာ ရှိတဲ့ (၈)မြို့နယ်နဲ့ ဆက်သွယ်တဲ့ အချိန်မှာ အခက်အခဲရှိသလို၊ ဒေသခံတွေမှာလည်း အခက်အခဲများ စွာ ရှိပါတယ်။ အဲဒီ အတွက် ကြောင့် လွန်ခဲ့တဲ့နှစ်များစွာ ကောင်စီလက်ထဲ မှာလည်း ပလက် ဝ၊ မတူပီကားလမ်းကို အကောင်အ ထည် ဖော်ဖို့အတွက် ကြိုးစားနေပါတယ်။ လက်ရှိအနေအထားမှာဆိုရင် ပလက်ဝ ၊ မတူပီကားလမ်း အနေအထားဟာ မိုင်ပေါင်း(၁၇၀)ရှိတာကိုတွေ့ရပါတယ်။ မတူပီမြစ်ဝ နဲ့ (၅)မိုင် အထိဟာဆိုရင် ကားသွားလာနိုင်အောင် ယခင်စစ်မြေပြင် ဗျူဟာမှူး ဗိုလ်မှူးချုပ် ဆန်းအောင်က ဦးဆောင်ပြီးမှ ပြည်သူတွေနဲ့ပူးပေါင်းပြီးဖောက်လုပ်ပြီးတော့မှ (၅)မိုင်အထိ ကားသွားလာလို့ ရပါတယ်။ ထိုကဲ့သို့ ၎င်း ပလက်ဝမြို့က(၄)မိုင်အထိဆိုရင်ယခင်ကောင်စီ လက်ထက်ကပင် ဖောက်လုပ် ပြီးစီးပြီဖြစ်တဲ့အတွက် (၄)မိုင် အထိကတော့ ကားသွားလာလို့ ရ နိုင်ပါတယ်။ ကျန် တဲ့နေရာမှာ ဆိုရင်တော့ အုကြောင်းလမ်းသာရှိပြီး ခြေလျင်ခရီးနဲ့ သွားလာတာကို တွေ့ရပါတယ်။ သို့သော်လည်းပဲ ဆမီးကားနဲ့ အထက်မိုင် (၃၀)ဝန်းကျင်ဟာဆိုရင်ယခင် ကောင်စီလက်ထက် က ပြည်သူလူထုနဲ့ အစိုးရ၏ ဘတ်ဂျက်အရ ခွင် ့ပြုငွေဖြင့် ဖောက်လုပ်တဲ့ အတွက်ကြောင့် (၆)ပေလမ်းအကျယ်ဟာ မိုင်(၃၀)အထိ ယနေ့အထိရှိပါတယ်ဆိုတာ ကျွန်တော် တင်ပြလိုပါတယ်။ ဒီလိုလမ်းပန်း ဆက်သွယ်ရေးအခက်အခဲကြောင့် တစ်ဖက်မှာ ပလက် ဝမြို့နယ် အုပ်ချုပ်ရေးဟာ ချင်းပြည်နယ်အတွင်းမှာ ပါ ဝင်သော်လည်းပဲ ချင်းပြည်နယ်မှာ တစ်ပိုင်း၊ ရခိုင်ပြည်နယ်မှာ တစ်ပိုင်း တွဲပြီးမှလုပ်ကိုင်နေရပါတယ်။ အထူးသဖြ င့် ပညာရေးကဏ္ဍ၊ တက္ကသိုလ် ဝင်စာမေးပွဲ ကိစ္စမှာဆိုရင် ရခိုင်ပြည်နယ်နဲ့ တွဲဖက် ဆောင်ရွက်ရတာ ဖြစ်ပါတ ယ်။ နောက်တစ်ခါ အုပ်ချုပ်ရေးကဏ္ဍမှာဆိုရင် တရားစီရင်ရေးတို့မှာဆိုရင်လည်း ရခိုင်ပြည်နယ်နဲ့ တွဲနေရပါတယ်။ ပြည်နယ်တစ်ခုရဲ့ မြို့ တော်ဖြစ်သော်လည်းပဲ တခြားတိုင်း နှင့်ပြည်နယ်နဲ့ ဆက်သွယ် ရတာ လည်းပဲ တစ်ဖက်က စဉ်းစားရင်တော့ ပလက်ဝမြို့နယ်အတွက် အလုပ်ပိုပြီး တော့မှ တိုင်းနှင့် ပြည်နယ်နှစ်ခု တွဲရတာဟာ အခက်အခဲများ စွာ ရှိ တာကို တွေ့ရပါတယ်။ ဥပမာ အားဖြင့် တက္ကသိုလ်ဝင် စာမေးပွဲကိစ္စနဲ့ပတ်သက်လို့ချင်းပြည်နယ်ရဲ့အောင်ချက်မြင့်မားရေးစီမံဆောင်ရွက်တဲ့

အချိန်မှာ ပြည်နယ်ရဲ့ စီမံဆောင်ရွက်ချက်တွေဟာ ပလက်ဝမြို့နယ်အတွက် အကျိုးသက်ရောက်မှု မရှိနိုင်ဘူး။ ဘာလို့လဲဆိုရင် တက္ကသိုလ်အသီးသီးဟာ နယ်မြေချင်း မတူကြပါဘူး။ ချင်းပြည်နယ် အတွက် တက္ကသိုလ်နယ်မြေဟာ မုံရွာသတ်မှတ်တာ ဖြစ်ပါတယ်။ ပလက် ဝ အတွက်ဟာ စစ်တွေနယ်မြေရဲ့ မေးခွန်းကို ဖြေရတာ ဖြစ်ပါတယ်။ တက္ကသိုလ်နှစ်ခုရဲ့ မေးခွန်း သဘောတရား ကို သိတဲ့အခါမှာ ပလက်ဝမြို့နယ်အတွက်ချင်းပြည်နယ်ရဲ့စီမံချက်တွေဟာ အကျိုးမသက်ရောက် တာကို တွေ့ရပါတယ်။ အဲဒါကြောင့် များစွာအခက်အခဲ တွေ့ရပါတယ်။ ကျွန်တော့်တို့ လေ့လာ တွေ့ရှိရပါတယ်။ အဲတော့ စောစောက တင်ပြတဲ့အတိုင်း ကျွန်တော် ဟာဆိုရင် ပလက်ဝနဲ့ မတူပီမြို့အကြားနယ်စပ်က တည်ဆောက်ပုံးရွာက ဖြစ်ပါတယ်။ ဒီဒေသမှာ ကျွန်တော်ကျင်လည်ခဲ့ သလို ဒီဒေသရဲ့ အခြေအနေ ကို အနည်းငယ် တင်ပြလိုပါတယ်။ ကျွန်တော် ့ရဲ့ မွေးဇာတိဖြစ်တဲ့ တည်ဆောက်ပုံးရွာကနေ မတူပီကို မိုင်ပေါင်း (၃၅) ကားလမ်းအူကြောင်းအတိုင်း ရှိပါတယ်။ ကျွန်တော်တို့ရွာကနေ ပလက် ဝမြို့အထိ မိုင်ပေါင်း (၁၃၅)မိုင်ရှိပါတယ်။ အဲ ဒီတော့ နေကတည်း က ဒီနေရာကို ကျင်လည်တဲ့အတွက်ကြောင့် ဒီနေရာရဲ့အနေအထားကို ပိုပြီးတော့ ရင်းနှီး ပါတယ်။ ဒီနေရာဟာဆိုရင် ချင်းပြည်နယ်မှာ မြေဆီသြဇာ အကောင်းဆုံးနေရာ ဖြစ်ပါတယ်။ လိမ⊞မော်သီးတွေ အလျှံအပယ် ထွက်ပါတယ်။သို့သော်လည်းဘဲ မြန်မာတစ်နိုင်ငံလုံးမှာ လိမ္မော်သီး တစ်လုံးကိုတစ်ဆယ်နဲ့ ရတဲ့နေရာ ဒီတစ်နေရာတည်းပဲ ရှိပါတယ် လို့ ကျွန်တော် လေ့လာသုံးသပ် ရပါတယ်။ဘာလို့လည်းဆိုတော့ဈေးကွက်မရှိတာကြောင့်ဖြစ်ပါတယ်။ စားရုံကလွဲလို့ ရောင်းစရာ နေရာ မရှိပါဘူး။ ဒီဒေသဟာ အလွန်မှ ခက်ခဲတဲ့ အတွက်ကြောင့် ဒီဒေသရဲ့ ပြည်သူများဟာ တောင်ယာစပါးကလွဲရင် ကျန်တဲ့ ဥယျာဉ်သီးနှံစိုက်ပျိုးနိုင်ဖို့ အခွင့် ့အရေး ရသော်လည်း ပဲ ရောင်းဖို့နေရာ မရှိတဲ့အတွက် ကြောင့် မစိုက်ပျိုးနိုင်ဘဲ နဲ့ ခြေလျှင် ခရီးနဲ့သာ မတူပီမြို့ကို ဆမီးရွာမှတောင်းနဲ့ထမ်းပြီးတော့မှရောင်းနေရတာကို တွေ့ရပါတယ်။ အဲဒါကြောင့် ဒီအခြေအနေ တွေကို သုံးသပ်တဲ့အခါကျတော့ လမ်းပန်းဆက်သွယ်ရေးဟာ အင်မတန် လိုအပ်ပါတယ်ဆို တာ ကျွန်တော့်အနေနဲ့တင်ပြလိုပါတယ်။ တကယ်လို့များ လမ်းပန်းဆက်သွယ်ရေး ကောင်းလာမ ယ် ဆိုရင် ပညာရေး၊ ကျန်းမာရေး၊ အစစ အရာရာ တိုးတက်လာ ပြီးမှ ကျန်တဲ့တိုင်းနှင့် ပြည်နယ်နဲ့ လည်း ဆက်သွယ်နိုင်ပါတယ်။ ကျွန်တော်တို့ မြန်မာနို င်ငံဟာ တွေ့မြင်တဲ့အတိုင်း သ ယံဇာတ ပေါများတဲ့ နိုင်ငံဖြစ်တဲ့ အတွက်ကြောင့် မကြာခင်မှာတိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှု အတွက် လုပ်တဲ့ အချိန်မှာ လမ်းပန်း ဆက်သွယ်ရေး တို့ကိုလည်း ဆက်လက်ပြီး လုပ်ဆောင်မ ယ်လို့

ကျွန်တော်တို့ မျှော်လင့် ယုံကြည် ထားပါတယ်။ ထို့အတူ ချင်းပြည်နယ်ရဲ့ ဒေသန္တရ ဖွံ့ဖြိုးမှု လုပ်ဆောင်နေတဲ့ အချိန်မှာ အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေးကို လုပ်ဆောင်တဲ့ အချိန်မှာ ပလက်ဝ၊ မတူပီကားလမ်းကို ဦးစား ပေးအစီအစဉ်နဲ့ ဆောင်ရွက်သင့် ပါတယ်လို့ ကျွန်တော် တွေ့မြင်ပါတယ်။ အဲဒါကြော င့် ကျွန်တော်ရဲ့ မဲဆန္ဒနယ်မြေက ပြည်သူ များရဲ့ အကြီးမားဆုံး အမျှော်လင့်ဆုံး အချက်ဟာဆိုရင် အခြေခံဥပဒေအခန်း(၁) ပုဒ်မ ၂၂ (ဂ)မှာ ဖေါ်ပြထားတဲ့အတိုင်း ဖွံ့ဖြိုးတိုးတက်မှုနည်းတဲ့ တိုင်းရင်းသားဒေသတွေအတွက် ပညာရေး၊ ကျန်းမာရေးစတဲ့ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှု အတွက်ကို လိုချင်ပါတယ်ဆိုတာ သူတို့ရဲ့ ကိုယ်စား ကျွန်တော်ဤအဆိုကို ထောက်ခံ တင်ပြရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ တန်ဖိုးနည်း အိမ်ရာများဆောက်လုပ်ပြီး၊ ဝန်ထမ်းငယ်များအား ၎င်းတို့၏ လစာငွေမှ လစဉ် အရစ်ကျခုနှိမ်စနစ်ဖြင့် ဝယ်ယူရေးစီစဉ်ပေးရန် အဆိုကို လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၂း၁၂။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း တင်သွင်းထားတဲ့ အဆိုကို ဆွေးနွေးဖို့ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက အမည်စာရင်းတင်သွင်း ထားပါတယ်။ အဆို မှာ ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ တန်ဖိုးနည်း အိမ်ရာများဆောက်လုပ်ပြီး၊ ဝန်ထမ်းငယ်များ အား ၎င်းတို့၏ လစာငွေမှ လစဉ်အရစ်ကျ ခုနှိမ်စနစ်ဖြင့် ဝယ်ယူရေးစီစဉ်ပေးရန်အဆို ဖြစ်ပါတယ်။ ယခု ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၃။**

**ဦးဇုန်လှယ်ထန်း၊ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော်ကိုယ်စားလှယ် ဦးကျွန်ခဲန်း၏အဆိုကို ထောက်ခံဆွေးနွေးလိုပါတယ်။ ဒီအဆိုနဲ့ဆင်တူတဲ့ ဟာတွေ နိုင်ငံတကာမှာ လုပ်နေတာကိုလည်း တွေ့ရပါတယ်။ ပြည်သူများအားလုံး အိုးအိမ် ပိုင်ဆိုင်နိုင်မှုဟာ အရေးကြီးပါတယ်။ စင်္ကာပူနိုင်ငံ Ex- Prime Minister လီကွမ်ယူကတော့ ပြည်သူများက နိုင်ငံအတွင်းမှာ ပိုင်ဆိုင်မှုရှိမှ နိုင်ငံ့အပေါ်မှာ သစ္စာပိုရှိတာကို တွေ့ရတယ်ဆိုပြီးပြောပါ တယ်။ တစ်ဖက်မှာ လည်း အမှန်မှာတော့ ဆောက်လုပ်ရေးများများလုပ်ခြင်းဟာ နိုင်ငံ တစ်ခု

စီးပွားရေးမြင့်တက်ရန် လျှို့ဝှက်တစ်ခုဟု ဆိုကြပါတယ်။ ဆောက်လုပ်ရေး များများလုပ်ရင် ဆောက်လုပ်ရေးအသုံးအဆောင်မှာ လိုအပ်တဲ့ပစ္စည်းများ၊ အိမ်တွင်းအသုံးအဆောင်ပစ္စည်း များ ထုတ်လုပ်ရောင်းချသူအားလုံး တစ်ပြို င်နက်စီးပွားရေးတက်လာတာကိုတွေ့ရပါတယ်။ ပြည်သူ တွေ စီးပွားတက်ရင်နိုင်ငံတော်လည်းစီးပွားရေးတက်မှာ ဖြစ်ပါတယ်။ အိမ်နီးနားချင်းနိုင်ငံတွေမှာ လည်း ဒီဆောက်လုပ်ရေး များများလုပ်နေတဲ့ အချိန်မှာ သူတို့ရဲ့ စီးပွားရေးကို တက်ပြီးတော့ လျော့တဲ့အချိန်မှာစီးပွားရေးကျနေတာကိုလည်းတွေ့ရပါတယ်။ ဒီ ကျွန်တော့်တို့ ဆောက်လုပ်ရေး အိုးအိမ်၊ အိမ်ရာတွေ ဆောက်တယ် ဆိုတာကလည်း တစ်ဖက်မှာ နိုင်ငံတော်က Investment လုပ်နေတာဖြစ်ပြီး ဝန်ထမ်းတွေ ကလည်း ဝယ်တာဆိုတာ Consume လုပ်နေတာဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ Invest များများလုပ်ဖို့ Consume များများလုပ်ဖို့ က အရေးကြီးပါတယ်။ ဒီနှစ်ခု ကိုက်ညီမှ နိုင်ငံစီးပွားရေး တက်မှာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတွေ အိုးအိမ် ပိုင်ဆိုင်နိုင်မှုနဲ့ နိုင်ငံတော်စီးပွားရေး တိုးတက်ရေးအတွက် ဒီအဆိုကို ထောက်ခံဆွေးနွေးပါတယ်။ မြန်မာပြည်မြို့နယ်များအားလုံးမှာ ဒီအဆိုကို အကောင်အထည် ဖော်နိုင်ဖို့ ဆွေးနွေးပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၁၅။**

**ဥက္ကဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအစည်းအဝေး ကို နေ့လယ် စာသုံးဆောင်ဖို့ ရပ်နား ပါ့မယ်။ အစည်းအ ဝေးကို နေ့လယ် (၁၃း၃၀)အချိန်မှာ ပြန်လည် စတင်မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဌကြီး ပြန်လည်ထွက်ခွာ ပါပြီခင်ဗျား။

အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို ၁၂း၁၅ နာရီအချိန်တွင် ရပ်နားပြီး ၁၃း၃၀နာရီ အချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊၁၃း၃၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အစည်းအဝေးပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးကျွန်ခဲန်း၊ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၁)၏ အသက်(၇၅)နှစ်နှင့် အထက်ရှိသူများအား လစဥ် သင့်တော်သော ထောက်ပံ့ငွေဖြင့်နိုင်ငံတော်က ဂါရဝပြုထောက်ပံ့ရန်နှင့် တပ်မတော်မှ အငြိမ်းစားများနှင့် အစိုးရဌာနအသီးသီးမှ အငြိမ်းစားများကိုလည်း အလားတူ အငြိမ်းစားလစာအပြင်လစဥ်သင့်တော်သော ထောက်ပံ့ငွေပေးရန်အဆို တင်သွင်းခြင်း နှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊၁၃း၃၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အခုအဆို အသစ်များနဲ့ ပတ်သက်ပြီး ဆက်လက်ဆောင်ရွ က်ရမှာ ဖြစ်ပါတယ် ။ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျွန်ခဲန်း က အသက် (၇၅)နှစ်နှင့်အထက်ရှိသူများအား လစဥ် သင့်တော်သော ထောက်ပံ့ငွေဖြင့် နိုင်ငံတော်က ဂါရ ဝပြုထောက်ပံ့ရန်နှင့် တပ်မတော်မှ အငြိမ်း စားများနှင့် အစိုးရဌာနအသီးသီးမှ အငြိမ်း စားများကိုလည်း အလား တူ အငြိ မ်းစားလစာအပြင် သင့်တော် သော ထောက်ပံ့ငွေပေးရန်ငှ်စပ်လျဥ်းသည့် အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။ ဦးကျွန်ခဲန်း အဆိုတင်သွင်းဖို့ ဖြစ်ပါတယ် ။

**အချိန်၊ ၁၁း၃၆။**

**ဦးကျွန်ခဲန်း ၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)။** ။လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ကြွ ရောက်လာတဲ့ ဂုဏ်သရေရှိ လူကြီး မင်းများနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးမင်္ဂလာပါလို့ ကျွန်တော် ပထမဆုံး နှုတ်ခွန်း ဆက်သလိုက်ပါတယ်။ အားလုံး အဖဘုရားသခင်ရဲ့ ကောင်းချီးမင်္ဂလာများအသီးသီးကို ခံစားနိုင်ကြပါစေလို့ ဆုမွန်တောင်းပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် ၊ ဖလမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျွန်ခဲန်း ဖြစ်ပါတယ်။ယခု တင်သွင်းမယ့် အဆိုကတော့ နဲနဲထူးခြားနေသလိုပါပဲ။ ကျွန်တော့်ကိုယ်ကျွန်တော် ယူဆမိပါတယ်။

ဘာပြုလို့လဲဆိုတော့အသက်(၇၅)နှစ်နှင့်အထက်ရှိသူများကိုဂါရဝပြုရမယ့်နေရာမှာ မြန်မာနိုင်ငံမှာ မရှိခဲ့ဘူးလို့ဘဲ ကျွန်တော်ယူဆမိပါတယ်။ ဒါပေ မဲ့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၂၇ ၊အပိုဒ်(က)မှာကျွန်တော်တို့ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးအတွက် ကိစ္စဆိုတဲ့နေရာမှာ အဆိုတင်သွင်းနိုင်ပါတယ် ဆိုတဲ့အခါမှာ နိုင်ငံသားများအတွက်ဆိုတဲ့နေရာမှာ အသက်(၇၅)နှစ်နဲ့ အထက်ရှိတဲ့ အဘိုးကြီး၊ အဘွားကြီး ဆိုရမလား။ အဲဒီဟာ တွေကို ဂါဝရပြုပြီး တော့ လစဉ် နိုင်ငံတော် ကနေပြီး ထောက်ပံ့ကြေးပေးနိုင်လို့ရှိရင်ဆိုတဲ့ ကိစ္စကို ကျွန်တော် စိတ်ထဲမှာပေါ်လာတဲ့အတွက်အခုလိုပဲ ကျွန်တော် အဆိုတင်သွင်းရခြင်း ဖြစ်ပါတယ်။ ဒီသက်ကြီး ရွယ်အိုများရဲ့ အခြေအနေကိုပြန်လည်သုံးသပ်တဲ့အခါမှာ သက်ကြီးရွယ်အိုများဟာ တစ်ယောက် နှင့်တစ်ယောက်မတူကြ ပါဘူး။ တ ချို့က စားနိုင်သောက်နိုင်တဲ့ အခြေအနေမှာ ရှိ ပါတယ်။ ဒါပေမယ့် တစ်ချို့ကတော့ဆင်းဆင်းရဲရဲနဲ့ အနေဆင်းရဲအစားဆင်းရဲစသဖြင့် နေရသူများရှိပါတယ်၊ အဲဒီအတွက်ကြောင့် ကျွန်တော်တို့ ဘာပဲဖြစ်ဖြစ် ဒီအဘိုးကြီး၊ အဘွား ကြီး သက်ကြီးရွယ်အိုများ ဟာ ကျွန်တော်ရဲ့ကျေးဇူးရှင်တွေဖြစ်ပါတယ်။ သူတို့ရှိတဲ့အတွက်ကြောင့် ယခုလို လူ အဖြစ်နဲ့ မွေးဖွားသန့်စင်လာရခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ကျေးဇူးရှင် ဖြစ်တယ်။ ငယ်စဉ် တောင်ကျေး ကလေးဘဝတုန်းကလည်း လက်ရှိနားလည်ဖေးမ ကူညီစောင့်ရှောက် လမ်းပြ ပို့ဆောင်ပြီး ဆုံးမသွန်သင်ပေးခဲ့တဲ့ ကျေးဇူးရှင်လည်း ဖြစ်ပါတယ်။ ယနေ့အဲဒီလိုရပ်တည်နိုင်တဲ့ ကိစ္စမှာလည်းအဘိုးကြီး၊အဘွားကြီးများ သက်ကြီးရွယ်အိုများရဲ့ ကောင်းချီး လုပ်ဆောင်မှုအတွက် ကြောင့် အဲဒီလို ဖြစ်တယ်လို့ခံစားရပါတယ် ။ ကျွန်တော်တို့ ဒီအချိန်ရှိတဲ့အတော အတွင်းလေးမှာ နိုင်ငံတော်ကနေပြီး သင့်တင့် လျောက်ပတ်တဲ့ ထောက်ပံ့ကြေးငွေဖြင့် သက်ကြီး ရွယ်အိုများကို ဂါရဝပြုတဲ့အနေနဲ့ ထောက်ပံ့နိုင်လို့ ရှိရင်ကောင်းမယ်ဆိုတဲ့ စိတ်ဆန္ဒရှိပါတယ်။ ဒီ အဘိုးကြီး အဘွားကြီးဆိုတဲ့နေရာမှာလည်း ကိုယ်၏ကျန်းမာခြင်းနဲ့ ချို့တဲ့တဲ့ လူတွေလည်း ရှိမှာဖြစ်ပါ တယ်။ မြန်မာနိုင်ငံမှာက တစ်ခါမှ မရှိဘူးတဲ့ ထောက်ပံ့ကြေးကို ကျွန်တော်တို့ လုပ်နိုင်လို့ ရှိရင် ကျွန်တော်တို့ ချီတက်နေတဲ့ စနစ်သစ်ဖြစ်တဲ့ ဒီမိုကရေစီ စစ်စစ်ရဲ့ မှတ်တိုင် တစ်ခုလည်း ဖြစ်တယ်လို့ ယူဆပါတယ်။ အဲဒါကြောင့် ကြွရော က်တဲ့ ကိုယ်စားလှယ် အားလုံးကနေပြီးမှ စဉ်းစားပေးဖို့ရာလည်း တိုက်တွန်းလိုပါတယ်။ ဒီကိစ္စကို ကျွန် တော် အဲဒီလို နိဂုံးချုပ်ပြီး အဆိုတင်သွင်းပါတယ်။ ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၃း၃၈။

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမည့်သူရှိပါက ဆက်လက်ဆောင်ရွက်ရန် ဖြစ်ပါတယ် ။

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ဒီအဆိုကို ကျွန်တော် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင်ထောက်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဦးကျွန်ခဲန်း တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တ စ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ အသက် (၇၅)နှစ်နှင့်အထက်ရှိသူများအား လစဉ်သင့်တော်သော ထောက်ပံ့ငွေဖြင့် နိုင်ငံတော်က ဂါရဝပြု ထောက်ပံ့ရန်နှင့် တပ်မတော်မှ အငြိမ်းစားများနှင့် အစိုး ရဌာနအသီးသီးမှ အငြိမ်းစားများကိုလည်း အလားတူ အငြိမ်းစားလစာအပြင် သင့်တော်သော ထောက်ပံ့ငွေ ပေးရန်ဖြစ် ပါတယ်။ ဒါကြောင့် အဆိုကို လက်ခံ ဆွေးနွေးရန် သင့် /မသင့် လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါမယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စား လှယ်များက သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**၊ ။ အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောမတူတဲ့လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။ ရှိပါတယ်။ ဒါကြောင့်မို့ဖို့ခွဲမှာဖြစ်ပါတယ်။အဆိုကို လက်ခံဆွေးနွေးဖို့ သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မတ်တပ်ရပ် ပေးကြဖို့ ဖြစ်ပါတယ်။ (၂၀)ဦးဖြစ်ပါ တယ်။ ထိုင်နိုင်ပါပြီ ခင်ဗျား။

အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား ။ ယခု မတ်တပ်ရပ်ပြတဲ့ ကိုယ်စားလှယ်ဟာ (၄၀)ဦးမပြည့်တဲ့အတွက် ဦးကျွန်ခဲန်းရဲ့ အဆိုကို လက်ခံဆွေးနွေးရန်မရှိ ကြောင်း ကြေညာပါတယ် ။ (သြဘာသံများ)

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)၏ လက်ရှိလစာနှုန်းထားမမီသော တပ်မတော်မှ အငြိမ်းစားများနှင့် အစိုးရဌာနအသီးသီးမှ အငြိမ်းစားများ၏ ပင်စင်လစာကို မိမိရာထူးအလျောက် လစာငွေအတိုင်း တိုးမြှင့်ပေးရန် အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း**

အချိန်။ ။၁၃း၄၂။

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးကျွန် ခဲန်းက လက်ရှိလစာနှုန်း ထားမမီသော တပ်မတော်မှ အငြိမ်းစားများနှင့် အစိုးရဌာနအသီးသီးမှအငြိမ်းစားများ၏ပင်စင်လစာကို မိမိရာထူး အလျောက် လစာငွေ အတိုင်း တိုးမြှင့်ပေးရန်နှင့် စပ်လျဉ်းသည့် အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသား လွှတ်တော်သို့ ပေးပို့ထားပါတယ်။ ဦးကျွန်ခဲန်း အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၃း၄၅။

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ကျွန်တော်တို့ ခုလို ဒီအဆိုကို နောက်ထပ်အသစ်တဖန် ပြန်လည် တင်သွင်းရတဲ့ အတွက်ကြောင့် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ယခုကျွန်တော် အဆိုတင်သွင်းတဲ့ ဟာကတော့ ကျွန်တော်တို့ ပင်စင်ကိစ္စနှင့် ပတ်သက်တဲ့ ကိစ္စပါ ။ အားလုံးသိကြတဲ့ အတိုင်းပဲ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ကုန်ဈေးနှုန်းဟာ တဖြည်းဖြည်းမြင့်တက်လာမှုကြောင့် ဒီလစာကို ယနေ့ထိဆိုရင် (၅)ကြိမ်လောက် တိုးထားပေးပြီးပါပြီ။ ၁၉၇၂ခုနှစ်မှာ ပထမ အကြိမ်တိုးတဲ့ အခါမှာ အဲဒီမတိုင်မီက ပါလီမန် လက်ထက်တုန်းက ဒီလစာနှုန်းထားကို ပြန်လည် ဆန်းစစ်တဲ့ အခါမှာ အနည်းဆုံးလစာနဲ့ အမြင့်ဆုံးလစာဟာ အဆ(၄၀)ကွာဟပါတယ်၊ အဲဒါကို နိုင်ငံတော်အစိုးရ အနေနဲ့ကွာဟမှုများပြားလွန်းလှပါတယ် ဆိုပြီးမှ လစာလည်းတိုးပေးရင်းနဲ့ အနည်းဆုံးလစာနဲ့ အများဆုံးလစာ(၁၆)ဆအထိ ပထမဆုံးအကြိမ်တိုးပေးခဲ့ပါတယ်။ ဒုတိယအကြိမ် တိုးမြှင့်တာ ကတော့ ကျွန်တော်တို့ သမ္မတကြီး ဦးစိန်လွင် လက်ထက်တုန်း ကပါ။ (၄၅)ကျပ် ဝန်ထမ်း အားလုံးနှင့်ပင်စင်စား ဝန်ထမ်းအားလုံး တိုးခဲ့ပါတယ် ။ အဲဒီ အချိန်တုန်းက ကျွန်တော် ပင်စင် သွားတဲ့ လူလည်းရှိပါတယ်။ ဒါပေမယ့် ပင်စင်သွားတဲ့လူ ဘာမှ ဗျာ ပါဒ မရှိပါဘူး။ ရရှိတဲ့

ပင်စင်လစာလောက်နဲ့ ကျေနပ်သွားကြပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့လက်ထက်မှာ ဒီလစာကို တစ် ခါပြန်တိုးခဲ့ပါတယ်။ မူရင်းလစာထက် (၅)ဆတိုးပေးပြီး နိုင်ငံ တော်ဝန်ထမ်းများကို ပံ့ပိုးပေးခဲ့ပါတယ်။ အဲဒီတုန်းမှာလည်း ပင်စင်သွားတဲ့သူရှိပါတယ်။ ဘာမှဗျာပါဒစကားမများဘဲနဲ့ ပင်စင်သွားကြပါတယ်။ နောက်တစ်ခါ ၂၀၁၆ ခုနှစ်မှာ ကျွန်တော်တို့ နိုင်ငံတော်အေးချမ်းသာယာရေးနှဖွံ့ဖြိုးရေးကောင်စီလက်ထက်ကျ မူရင်းလစာထက်(၃)ဆပြန်တက်ပေးပါတယ်။ အဲ ဒီတက်ပေးတဲ့အခါမှာ မတက်ခင်ပင်စင်သွားတဲ့သူနဲ့တက်ပြီးမှ ပင်စင်သွားတဲ့သူရရှိသည့် ပင်စင်လစာဟာ အဆ(၇)ဆလောက် ကွာခြားပါတယ်။ အဲဒီအခါမှာ နည်းနည်း အရင်ပင်စင်သွားတဲ့သူ အချင်းချင်း ဗျာပါဒများပြီး နည်းနည်း ဘဝင်မကျတဲ့အပိုင်းများရှိပါတယ်။ ကျွန်တော်တို့ ဒီနေ့အထိ ပင်စင်စား ဝန်ထမ်းများဟာ တစ်ယောက်နှင့်တစ်ယောက် အမြင်မကြည်လင်တဲ့ပုံစံမျိုးတွေ ရှိပါတယ် ။ အဲဒါကြောင့် နိုင်ငံတော်အနေနဲ့လည်း ပင်စင်နည်းတဲ့ ဝန်ထမ်းတွေကို ပင်စင်နည်းနည်း မြှင့်တင်ဖို့ ၊ ဖြစ်နိုင်လို့ရှိရင် လက်ရှိလစာခံစားတဲ့နှုန်းထား အတိုင်း အရင်ပင်စင်ကို တိုးပေးဖို့ နို ငံတော်မှစဥ်းစားပေးနိုင်ဖို့ ဒါပင်စင်စား တွေအတွက်အထူးပဲ ကောင်းမွန်မှာဖြစ်ပါတယ်။ ဒီပင်စင်စားရတဲ့ အထဲမှာ အရပ်ထဲမှာ ဖြစ်နေတာကအရာရှိက ပင်စင်လစာမတိုးခင်ပင်စင်သွားတဲ့အနေနဲ့လက်သူရဲ့တာပည့်ဖြစ်တဲ့သူက ရုံးစေက လစာတိုးပြီးမှပင်စင်သွားတဲ့အခါမှာ ရုံးစေက အရာရှိထက်ပင်စင်လစာလေးငါးဆလောက်ပိုများတာ တွေ့ရပါတယ်။ အဲဒီအခါမျိုးကျတော့ ဒီအရာရှိကနေပြီး နဲနဲစိတ်မကောင်းတဲ့ အပိုင်းမှာ ရှိတတ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီပင်စင်လစာကို နှုန်း ထားသစ်အတိုင်း မပေးနိုင်ရင်တောင်မှ သင့်တင့်လျောက်ပတ်စွာ တိုးပေးဖို့ အဆိုတင်သွင်းပါ တယ်။နောက်တစ်ခါ ဒီပင်စင်ကိစ္စနဲ့ပတ်သက်ပြီးတော့မှ အရင်တုန်းကတပ်မတော်သားပင်စင်စားတွေဟာ တစ်ဝက်ကိုရောင်းပြီးမှ တစ်ဝက်ကိုချန်ထားပါတယ်။ အဲဒီချန်ထားတဲ့ ပိုက်ဆံက အရင်တုန်းကတော့ပိုက်ဆံတန်ကြေးရှိတဲ့အတွက်ကြောင့် ဘဏ်မှ ၄၀ဝိ/- ၅၀ဝိ/ ၂၅ဝိ/စသည်ဖြင့် အဲ ဒီလိုချန်ထားတာတွေ ရှိပါတယ်။ ဒါပေမယ့် အခုအချိန်အခါမှာ အဲဒီရာဂဏန်း ရှိတဲ့ ငွေကြေး ဟာ ဘာမှတန်ဖိုးမရှိတဲ့ အတွက်ကြောင့် လာလည်းမထုတ်တော့ဘူး။ ဒါကြောင့် ပင်စင်လစာလေးကိုတော့ ကျွန်တော်တို့ အဖြစ်နိုင်ဆုံး နိုင်ငံတော်အနေနဲ့ တိုးမြှင့်ပေးဖို့ စဥ်းစားပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံ မယ့်သူရှိပါက ဆက်လက်ဆောင်ရွက်ရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၄၈။**

**ဦးဌေ့ယိန်း ၊ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား၊ ဦးကျွန်ခဲန်းရဲ့ တင်သွင်းတဲ့အဆိုကို ပလက် ဝမြို့နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ကျွန်တော် ဦးဌေ့ယိန်းမှ ထောက်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ဦးကျွန်ခဲန်းတင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကထောက်ခံသွားပါတယ်။ အဆိုမှာ လက်ရှိလစာနှုန်းထားမမီသော တပ်မတော် မှအငြိမ်းစားများနှင့် အစိုးရဌာနအသီးသီးမှ အငြိမ်းစားများ၏ ပင်စင်လစာကို မိမိရာထူးအလ ျောက် လစာငွေအတိုင်း တိုးမြှင့် ပေးရန် ဖြစ်ပါတယ်။ ဒါကြောင့် အဆိုကိုလက်ခံဆွေးနွေးရန် သင့်မသင့် လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါ့မယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုကိုလက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ ]

**အချိန်။ ၁၃း၅၀ ။**

**ဥက္ကဋ္ဌ**။ ။ အဆိုကိုလက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါသလား ခင်ဗျား။ အဆိုကိုလက်ခံဆွေးနွေးရန် သဘောမတူ တဲ့ ကိုယ်စားလှယ်များရှိတဲ့အတွက် သဘောတူတဲ့ ကိုယ်စားလှယ်များ မတ်တတ်ရပ်ပြပါ။ အား လုံး ငြိမ်ငြိမ်နေပါ။ ရေတွက်ပါ့မယ်။ ထိုင်နိုင်ပါပြီ။ ခုမတ်တပ်ရပ်ပြတဲ့ လွှတ်တော်ကိုယ် စားလှယ်ဦးရေ (၄၀)ဦးထက်ကျော်တဲ့ အတွက် ဦးကျွန်ခဲန်းရဲ့ အဆိုကို လက်ခံဆွေးနွေးရန် သဘောတူကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးကျွန်ခဲန်းရဲ့အဆိုကိုလက်ခံဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။

## ဦးပေါ်လှံ့လွင်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)၏ နိုင်ငံသားတိုင်း လိုလိုလားလား အခွန်ထမ်းဆောင်လိုသူများ ဖြစ်လာစေရေးအတွက် ပြည်သူ့လှုပ်ရှားမှု အသွင်သဏ္ဍာန် ပုံစံဖြင့် အများပြည်သူလူထုများအား စည်းရုံးပညာပေးရေးအစီအစဉ်များဆောင်ရွက်ရန် အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၃း၅၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လှံ့လွင်က နိုင်ငံသားတိုင်း လိုလိုလားလား အခွန်ထမ်းဆောင်လိုသူများ ဖြစ်လာစေရေး အတွက် ပြည်သူ့လှုပ်ရှားမှု အသွင် သဏ္ဍာန်ပုံစံဖြင့် အများပြည်သူလူထုများအား စည်းရုံးပညာပေးရေးအစီအစဉ်များ ဆောင်ရွက်ရန် နှင့် စပ်လျဉ်းသည့် အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထား ပါတယ်။ ဦးပေါ်လှံ့လွင် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၅၂။**

**ဦးပေါ်လှံ့လွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်များနှင့် လေ့လာသူများ ခင်ဗျား။ ကျွန်တော်၏ အဆိုကိုစတင်ပြီး တင်သွင်းဖို့အတွက်ခွင့်ပြုတဲ့ ဥက္ကဋ္ဌကြီးကို အထူးပင် ကျေးဇူးတင် ရှိပါတယ်။ နိုင်ငံသားတိုင်းလိုလိုလားလားအခွန်ထမ်းဆောင်လိုသူများ ဖြစ်လာစေရေးအတွက် ပြည်သူ့လှုပ်ရှားမှုအသွင်သဏ္ဍာန်ဖြင့် အများပြည်သူလူထုများအား စည်းရုံးပညာပေးရန် အစီအစဉ် ဆိုတဲ့ ကျွန်တော်စိတ်ထဲပေါ်ပေါက်လာလို့ အဆိုတင်သွင်းရခြင်း ဖြစ်ပါတယ်။ ဒီအဆို တင်သွင်း ခြင်းဟာ ကျွန်တော်အနည်းငယ်ဆွေးနွေးပြီး ပြန်လည်ရုပ်သိမ်းမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့ ဒီအဆိုတင်သွင်းရသလဲဆိုတော့ ပြည်သူများဟာ ကျွန်တော်တို့ ချင်းတောင် လမ်း သွားတဲ့အခါမှာ ယခင်လမ်းမှာ လေးည ငါးည အိပ်ရပါတယ်။ ဒါပေမယ့် ခု ၂၀၁၀ လွန်ခဲ့တဲ့ နှစ် (၃၀) တုန်းက အဲဒီလို ခံစားရသော်လည်း ယ ခုမကြာခင် ရွေးကောက်ပွဲသွားတဲ့အခါ မှာ မင်းတပ်၊မတူပီ ကားလမ်း၊ ပခုက္ကူထိအောင် အင်မတန်ချောမောပြီး လွယ်လင့်တကူသွားရတဲ့အတွက် အစိုးရရဲ့ လုပ်ဆောင်ချက်အပေါ်မှာ ပြည်သူလူထုက ဘယ် လိုပါဝင်မလဲဆိုတဲ့ စိတ်ဓါတ်ဝင်လာပါတယ်။ ပြည်သူလူထုများက ပါဝင်နိုင်တဲ့အကြောင်းအရာကို ကျွန်တော်တွေးတဲ့အခါမှာ အခွန်အားဖြင့် ရရှိတဲ့ ဝင်ငွေခွန်အသီးသီးကနေ အစိုး ရကို ပံ့ပိုးကူညီခြင်းသာလျှင် အကျိုးသက်ရောက်

တယ်ဆိုတာကို ကျွန်တော်မြင် လာတဲ့အတွက် လူတိုင်း ၊ လူတိုင်းဟာ အခွန်ကို ပါဝင်နိုင်ရေး အတွက် ကျွန်တော်စိတ်ပေါ်လာခြင်းနဲ့ အဆိုပြု လာခြင်း ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်ဟာ ပညာရှင်မဖြစ်တဲ့အတွက် အ ခွန်ဘယ်လို ဘယ်နည်း ဘယ်ပုံစံနဲ့ ကောက် ခံကြတယ် ဆိုတာကို ကျွန်တော်အသေးစိတ် မဖော်ပြနိုင်သော်လည်း ဘဲ ပြည်သူလူထုက အခွန်ကို လိုလို လားလားနှင့် အစိုးရရဲ့ ပံ့ပိုးကူညီခြင်းရှိမှသာလျှင် တိုင်းပြည်ဒေသအသီးသီးမှ လွယ်လင့်တကူ၊ တံတား၊ ကားလမ်း၊ကျောင်း၊ ကျန်းမာရေး စသည်ကို လူထုခံစားနိုင်မယ်ဆိုတဲ့အဆိုကို တင်သွင်းခြင်း ဖြစ်ပါတယ်။ သို့သော်လည်း သက်ဆို င်ရာဝန်ကြီး အဆင့်ဆင့်များ၏ ဆွေးနွေးချက်အတိုင်းပဲ အခြေအနေအမျိုးမျိုးကို သုံးသပ်တဲ့အခါမှာ အစိုးရသစ်လည်း မပေါ်ပေါက်လာသေးတဲ့အတွက် လည်းကောင်း၊ သက်ဆိုင်ရာပြည်နယ် အစိုးရအသီးသီးက လည်း ပေါ်လာမယ်ဆိုတဲ့အတွက် လုပ်ငန်း ဆောင်ရွက်တာ အခြေခံဥပဒေက ပေးထားတဲ့ ဇယား(၁) (၂)စသည်တို့ကိုမည်ကဲ့သို့ သက်ဝင်လှုပ်ရှားလာမည်ကို အတိအကျ မသိရှိ နားမလည်သေးတဲ့အတွက် ဤအဆိုကို မတင်သွင်းတော့ပဲပြန်လည် ရုပ်သိမ်းခွင့် ပြုပါရန် ဥက္ကဋ္ဌကြီးကို လေးစားစွာဖြင့် ပန်ကြားအပ် ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။မူလအဆိုရှင်က အဆိုကို မတင်သွင်းလိုတော့ ကြောင်း တင်ပြတဲ့ အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာနည်း ဥပဒေ ၁၃၈ ၊ နည်းဥပဒေခွဲ (က)နဲ့အညီ ဆက်လက် ဆောင်ရွက်ရန် မရှိတော့ပါ။

## ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)၏ ရွှေ့ပြောင်းတောင်ယာစနစ်ကို တွန်းလှန်နိုင်ရေးအတွက် နှစ်တို၊ နှစ်ရှည် စီမံကိန်းချမှတ်၍ အစားထိုးသီးနှံများ စိုက်ပျိုးရန် အတွက် လိုအပ်သောချေးငွေကို ဗဟိုဘဏ်မှ ချေးငှားပေးရေး စီမံဆောင်ရွက်ပေးပါရန် အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၃း၅၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်က ရွှေ့ပြောင်းတောင်ယာစနစ်ကို တွန်းလှန် နိုင်ရေး အတွက်နှစ်တိုနှစ်ရှည် စီမံကိန်းချမှတ်၍ အစားထိုးသီးနှံများ စိုက်ပျိုးရန် လိုအပ်သော ချေးငွေကို ဗဟိုဘဏ်မှ ချေးငှားပေးရေး စီမံဆောင်ရွက်ပေးပါရန် နှင့်စပ်လျဉ်းသည့် အဆိုတစ်ရပ် တင်သွင်း လိုကြောင်း အမျိုးသားလွှတ်တော်သို့ပေးပို့ထားပါတယ်။ ဦးပေါ်လျှံလွင် အဆိုတင်သွင်းဖို့ဖြစ်ပါတယ်၊

အချိန်၊ ၁၃း၅၆။

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)** ။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား ။ ကျွန်တော့် ကို အဆို ထပ်ခါတလဲလဲ ခွ င့်ပြုတဲ့အတွက် အထူးကျေးဇူးတင်ပါကြောင်း ထပ်လောင်း၍ ဖော်ပြလိုပါတ ယ်။ ကျွန်တော့် အဆိုကတော့ ရွှေ့ပြောင်းတောင်ယာစနစ်ကို တွန်းလှန် နိုင်ရေးအတွက် နှစ်တို၊ နှစ်ရှည် စီမံ ကိန်းချမှတ်၍ အစားထိုးသီးနှံ စိုက်ပျိုးရန်အတွက် လိုအပ်သောချေးငွေ များကို ဗဟိုဘဏ်မှ ချေး ပေးရန်ဆိုတဲ့ အဆိုကို တင်သွင်းပါတယ်။ အဲဒီအဆိုဟာဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ချင်းတောင်ဒေသမှာ တောင်ယာစနစ်အားဖြင့် သစ်တောပြုန်းတီးရေးများရှိလာတဲ့အတွက် မြေယာဆီများ တဖြည်းဖြည်း ကုန်ခမ်းလာတာကို တွေ့ရပါတယ်။ သစ်တောလည်း တဖြည်းဖြည်းပြုန်းတီးလာတာကို တွေ့ရတဲ့ အတွက် ဒီစနစ်အစားကို အခြား သီးနှံဖြစ်တဲ့ ဝါးဥတို့၊ ဂမုန်းတို့ စသည်ဖြင့် နှစ်မကြာခင်မှာ ပေါ်ပေါက်လာပါတယ်။ အိမ်ခြေတစ်ရာရှိတဲ့ ရွာတိုင်းမှာ (၅၀)လောက်ဟာ အဲဒီ တောင်ယာစနစ် မကျင့်သုံးတော့ဘဲနဲ့ သီးနှံစိုက်ပျိုးရေး ခြံစနစ်ဖြင့် ပြောင်းလဲလာတာကို တွေ့ရှိရတဲ့အတွက် ဒီစီမံကိန်းကို တော င်ယာစိုက်ပျိုးရေးစနစ်ကို ထားခဲ့ပြီး ယခုခြံမြေ သဘာဝ ပုံ သဏ္ဌာန် မျိုးဖြင့် ဝါးဥစိုက်ပျိုးနည်း၊ အခြား ဂမုန်းစိုက်ပျိုး နည်းဖြင့် အစားထိုး နိုင်လို့ရှိရင် ရွှေ့ ပြောင်း တောင်ယာ စနစ်ကို ထားခဲ့နိုင်မယ် ၊ ပျောက်ဆုံးနိုင်မယ်လို့ယူဆတဲ့အတွက် ဒီအဆိုကို တင်သွင်း ရခြင်း ဖြစ်ပါတယ်။ သို့သော်လည်းဘဲ ခုနကတင်ပြခဲ့သလိုဘဲ အကြောင်းအမျိုးမျိုးကြောင့် ဒီစီမံကိန်း ကြီးကို ချက်ချင်းအကောင်အထည်ဖော်ဆောင်နိုင်တဲ့ လုပ်ငန်း မျိုးမရှိသည့်အတွက် အစိုးရအဖွဲ့ ပြည်နယ်အစိုးရနဲ့ဗဟိုအစိုးရ ဆက်သွယ်မှု အမျိုးမျိုး ဘဏ္ဍာရေးငွေစနစ် ဇယားကွက် (၁)နှင့် (၂)တို့၏ သက်ဝင်လှုပ်ရှားပုံကို မသိရှိ နားမလည် သေးတဲ့အတွက် ဒီအဆိုကိုလည်း အမျိုးသား လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၈ ၊ နည်းဥပဒေခွဲ (က) နှင့်အညီ ပြန်လည်ရုပ်သိမ်းပါတယ်။ ရုပ်သိမ်းခွင့်ပြုပါရန် တောင်းပန်ပါတယ်။

အချိန်၊ ၁၃း၅၇။

**ဥက္ကဋ္ဌ**။ ။မူလအဆိုရှင်က အဆိုကို မတင်သွင်းလို တော့ကြောင်း တင်ပြတဲ့ အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၈ ၊ နည်းဥပဒေခွဲ (က)နဲ့ အညီ ဦးပေါ်လျှံလွင်က တင်ပြလာတဲ့ကိစ္စမှာ ဆက်လက်ဆောင်ရွက်ရန် မရှိတော့ပါ။ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းနဲ့အဆိုကိစ္စကို ပြည်ထောင်စု လွှတ်တော်မှာ

ရှင်းလင်းပြောကြားပြီး ဖြစ်ပါတယ် ။ မိမိရဲ့မဲဆန္ဒနယ် အတွက် လိုအပ် ချက် တောင်းဆိုတဲ့အခါမှာ မိမိတို့ဟာ ပြည်သူ့လွှတ်တော် ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည်နှင့်အညီ အစိုးရအဖွဲ့ကို တောင်းဆိုတာ ဖြစ်သည့်အတွက် မေးခွန်းပုံစံဖြင့်တောင်းဆိုပါ။ ဒါ့ အပြင် ကော်မတီ (၄)ရပ် ဖွဲ့စည်းထားပြီး ဖြစ်သည့်အတွက် ဒီကော်မတီ (၄)ရပ်က ဆောင်ရွက်ချက်များကို သိရှိလိုတဲ့ ကိစ္စကိုလည်း မေးခွန်းပုံစံဖြင့် မေးမြန်း တောင်း ဆိုနိုင်ပါတယ်။ အဆိုကတော့ စနစ်သစ် တစ်ခု အကြံဉာဏ်တစ်ခု ဒါမျိုးကိုသာ အဆိုအနေနဲ့ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ဒီနေ့တင်ပြ တဲ့ကိစ္စ တွေမှာမေးခွန်းဖြစ်သင့်တဲ့ကိစ္စတွေဟာ အဆိုအဖြစ် ပါဝင်နေတာကို တွေ့ ရှိရပါတယ်။ ကျွန်တော် အနေနဲ့ အတွေ့အကြုံမရှိ ကြသေးတဲ့အတွက်ဒါတွေကို ခွင့်လွှ တ်ပြီးတော့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ မိမိတို့လုပ်ငန်း ပြန်လည် ပြင်ဆင်ပြီးတော့ ဆောင်ရွက်သွား ကြဖို့ လိုအပ်ကြောင်း သတိပေးပြောကြားလိုပါတယ်။

## အမျိုးသားလွှတ်တော် အစည်းအဝေး အဋ္ဌမနေ့ ရပ်နားခြင်းနှင့် အစည်းအဝေး နဝမနေ့ ကျင်းပမည့်နေ့ရက်သတ်မှတ်ခြင်း

**အချိန်။ ၁၃း၅၉။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ယခု အမျိုးသား လွှတ်တော်ပုံမှန် အစည်းအဝေးအဋ္ဌမနေ့ကိုရပ်နားပါမယ်။ အမျိုးသားလွှတ်တော် ပုံမှန် အစည်း အဝေးနဝမနေ့ကို ၂၀၁၁ ခုနှစ် မတ်လ ၁၄ ရက် (တနင်္လာနေ့) ၁၀း၀၀ အချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ် ။( သြဘာသံများ)

**အချိန်၊ ၁၄း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးအဋ္ဌမနေ့ အစည်းအဝေးကို၁၄း၀၀ နာရီ အချိန်တွင် ရပ်နားပါသည်။]